

ပေသနိမြန်မာစာပေ

# တိမောသေဩပါဒစာ ဒုတိယစောင်

# a , &c&p \

# au;Z;awmü

# cicjci;&avm

---

ငါ့သား၊
သင်သည် ယေရှုခရစ်၌
ရှိသော ကျေးဇူးတော်အားဖြင့်
ခိုင်ခံ့ခြင်းရှိလော့။
(၂ တိ ၂း၁)

သောမတ်(စ်)ဇာတီလ်

**ထုတ်ဝေသူ**
ပါစ်တာ သောမတ်(စ်)ဇာတီလ်
(၀၂၇၄၈)၊ ဗေသနိမြန်မာ
၁၁၂/ခ၊ အထက်မင်းကြီးလမ်း၊ ဘိုကုန်း၊
အင်းစိန်၊ ရန်ကုန်။

**ဝက်ဆိုဒ်ပေါ်တင်ခြင်း**
စက်တင်ဘာလ၊ ၂၀၂၀

**အယ်ဒီတာ**
လွှမ်းသူ (ပဲခူး)

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
လင်းအောင်

**အကြိမ်**
ပထမအကြိမ်

# မာတိကာ


တိမောသေ ဒုတိယစောင် အခန်းကြီး ၁ ..................... ၁

တိမောသေ ဒုတိယစောင် အခန်းကြီး ၂ .................. ၂၁

တိမောသေ ဒုတိယစောင် အခန်းကြီး ၃ .................. ၅၂

တိမောသေ ဒုတိယစောင် အခန်းကြီး ၄ .................. ၇၀

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၀၁)

## ငါ့ချစ်သော တိမောသေ

*ယေရှုခရစ်၌ တည်သော အသက်ကို ပေးမည်ဟု ကတိတော်နှင့် အညီ၊ ဘုရားသခင်၏ အလိုတော်အားဖြင့် ယေရှုခရစ်၏ တမန်တော်ဖြစ်သော ငါပေါလုသည် ငါ့ချစ်သားတိမောသေကို ကြားလိုက်ပါ၏။ ငါတို့သခင်ယေရှုခရစ် နှင့် ခမည်းတော် ဘုရားသခင့် အထံတော်က ကျေးဇူး၊ ကရုဏာ၊ ငြိမ်သက်ခြင်း ရှိပါစေသော။ (၂တိ ၁း၁-၂)*

***ယေရှုခရစ်၌ တည်သော အသက်. . .***

၁။'ယေရှုခရစ်၌ တည်သော အသက်'

က။ ခရစ်တော်အားဖြင့် ရသောအသက်၊

ခ။ ခရစ်တော်၌ ဘုရားသခင်ပေးသနားတော်မူသော ဆုကျေးဇူး။ (ရော ၆း၂၃)

ဂ။ ထာဝရအသက်ဖြစ်သည်။

၂။ 'ကတိတော်' သည်

က။ ထာဝရအသက်နှင့် စပ်လျဉ်းသော ဘုရားသခင်၏ ကတိတော်၊ (ယော ၃း၁၆)

ခ။ ခရစ်တော်ကို ရရှိသော သူတို့နှင့်သာ သက်ဆိုင်သော ကတိတော်၊ (၁ယော ၅း၁၂)

ဂ။ အဆုံးထိတိုင် သစ္စာရှိသောသူတို့နှင့်သာ သက်ဆိုင်သော ကတိတော် (မာကု ၁၃း၁၃)၊ ဖြစ်သည်။

### *ယေရှုခရစ်၏ တမန်တော်ဖြစ်သော ငါပေါလုသည်*

၁။ ပေါလုသည် ဘုရားသခင်၏ အလိုတော်အားဖြင့် ယေရှုခရစ်၏ တမန်တော်ဖြစ်လာသည်။

၂။ ဘုရားသခင်၏ အလိုတော် ဆိုသည်မှာ-

က။ ဘုရားသခင်၏ ဆန္ဒတော်၊

ခ။ ဘုရားသခင်၏ စေတနာတော်၊ ကို ဆိုလိုသည်။

၃။ ပေါလုသည် ထာဝရအသက်နှင့် ဆိုင်သော ကတိတော်နှင့်အညီ ယေရှုခရစ်၏ တမန်တော်ဖြစ်လာသည်။

၄။ ထာဝရအသက်နှင့်ဆိုင်သော ကတိတော်နှင့်အညီဟု ဆိုရာ၌ -

က။ ဘုရားသခင်နှင့်ဆိုင်သော ဗျာဒိတ်တော်အတိုင်း၊

ခ။ ဘုရားသခင်၏ နှုတ်ထွက်စကားတော်အတိုင်း၊

ဂ။ ခရစ်တော်ကိုယ်တိုင် ပြည့်စုံစေသော သမ္မာကျမ်းစာနှင့်အညီ စသည်တို့ကို ဆိုလိုသည်။

### *ငါပေါလုသည် ငါ့ချစ်သား တိမောသေ. . .*

၁။ ငါပေါလုသည် တိမောသေကို ယုံကြည်ခြင်း၌ မွေးဖွားသည် မဟုတ်။
(တမန် ၁၆း၁-၅)

၂။ သို့သော်၊ ပေါလုသည် တိမောသေကို ယုံကြည်ခြင်း၌ ပြုစုပျိုးထောင်သည်။

၃။ တိမောသေသည် ပေါလုချစ်သော -

 က။ သား (အသက်အရွယ်အားဖြင့်)

ခ။ သား (ယုံကြည်ခြင်း၌)

ဂ။ သား (အမှုတော်မြတ်၌၊ ဖိလိ ၂း၂၀-၂၃) ဖြစ်သည်။

### *ငါတို့သခင်ယေရှုခရစ်နှင့် ခမည်းတော် ဘုရားသခင့်အထံတော်က. . .*

၁။ ယေရှုသည် -

 က။ သခင်ဖြစ်သည်။

ခ။ ခရစ်တော် (မေရှိယကယ်တင်ရှင်) ဖြစ်သည်။

၂။ ခမည်းတော်သည် -

ကျ။ ဘုရားသခင်ဖြစ်သည်။

ခ။ သခင်ယေရှုနှင့် အကျွန်ုပ်တို့၏ ခမည်းတော်ဖြစ်သည်။

၃။ သခင်ယေရှုခရစ်နှင့် ခမည်းတော်တို့သည် -

က။ ကျေးဇူးတော်၏ အရင်းအမြစ်၊

ခ။ ကရုဏာတော်၏ မူလအမြစ်နှင့်

ဂ။ ငြိမ်သက်ခြင်း၏ အရှင်သခင်များ ဖြစ်ကြသည်။

၄။ သူတို့သည်သာ ကောင်းချီးမင်္ဂလာအပေါင်းတို့ကို ပေးပိုင်သည်။

၅။ ‘ငါတို့ သခင်ယေရှုခရစ်နှင့် ခမည်းတော် ဘုရားသခင့် အထံတော်က’ ထိုကောင်းချီးမင်္ဂလာများ သက်ရောက်ပါစေ ဟူသော ပေါလု၏နှုတ်ခွန်းဆက်ခြင်းသည် အလွန်သင့်လျော်ပေသည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၀၂)

## သင်၌လည်းတည်သော ယုံကြည်ခြင်းစစ်

*သင်၏မျက်ရည်ကို ငါအောက်မေ့သောအခါ၊ ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံမည်အကြောင့်၊ သင့်ကို တွေ့မြင်ခြင်း၌ အလွန်လွမ်းသော စိတ်ရှိသဖြင့်၄င်း၊ သင်၏အဘွား လောဣ၊ အမိ ဥနိတ်၌ အရင်တည်သော ယုံကြည်ခြင်းတည်းဟူ သော၊ ငါသောကျသည်အတိုင်း၊ သင်၌လည်းတည်သော ယုံကြည်ခြင်းစစ်ကို မှတ်မိသဖြင့်၄င်း၊ နေ့ညဥ့်မပြတ် ဆုတောင်းပဌနာပြုသည်တွင်၊ သင့်ကို မခြားမလပ် အောက်မေ့သည်ဖြစ်၍၊ ငါ့ဘိုးဘေးကိုးကွယ်သည်အတိုင်း၊ ကိုယ်ကို သိသော စိတ်စင်ကြယ်ခြင်းနှင့်တကွ ငါကိုးကွယ်သော ဘုရား သခင်၏ ကျေးဇူးတော်ကို ငါချီးမွမ်း၏။*

*(၂တိ ၁း၃-၅)*

### *သင်၏မျက်ရည်ကို ငါအောက်မေ့သောအခါ. . .*

၁။ ပေါလုနှင့် ခွဲခွာရသောကြောင့် -

က။ ဧဖက်အသင်းတော်ခေါင်းဆောင်များ ငိုကြွေးကြရသည်။

ခ။ သူတို့နှင့်အတူ တိမောသေသည်လည်း ငိုကြွေးမည်မှာ သေချာသည်။ (တမန် ၂၀း၃၇-၃၈)

၂။ ယခုအချိန်၌ ပေါလုသည် အတိတ်က မျက်ရည်များကို အောက်မေ့တိုင်း -

က။ လုပ်ဖော်ဆောင်ဖက်များက သူ့ကိုအမှန်ချစ်နေကြသည်ကို လည်းကောင်း၊

ခ။ တိမောသေကလည်း သူ့ကို အမှန်ချစ်မြတ်နိုးသည်ကို လည်းကောင်း အခိုင်အမာအတည်ပြုမိသည်။

၃။ ထို့ကြောင့် ပေါလုသည် တိမောသေကို အလွန်လွမ်းသော စိတ်ဖြင့် တွေ့မြင်လိုသည်။ သို့မှသာ ဝမ်းမြောက်ခြင်း ပြည့်စုံမည်ဖြစ်သည်။

***သင်၌လည်းတည်သော ယုံကြည်ခြင်းစစ်ကို မှတ်မိသဖြင့်ငင်း. . .***

၁။ ပေါလုသည် တိမောသေ၏ မျက်ရည် (ချစ်မြတ်နိုးခြင်း)ကိုသာ အောက်မေ့သည်မဟုတ်။

၂။ ပေါလုသည် တိမောသေ၌ တည်နေသော ယုံကြည်ခြင်းစစ်ကိုလည်း အောက်မေ့နေသည်။

၃။ တိမောသေ၌တည်သော ယုံကြည်ခြင်းစစ်သည် -

က။ အဘွား လောဣနှင့် အမိဥနိတ်၌ အရင်တည်သော ယုံကြည်ခြင်းဖြစ်သည်။

ခ။ ပေါလုကိုယ်တိုင် စိတ်ချ၍ သဘောကျသော(peitho) ယုံကြည်ခြင်းဖြစ်သည်။

၄။ စစ်မှန်သော ယုံကြည်ခြင်းသည် -

က။ လူတစ်ဦး၏ အသက်တာ၌ အခိုင်အမာ တည်နေ (en+okeo) သည်။

ခ။ လက်ဆင့်ကမ်း မျှဝေနိုင်သည်။

ဂ။ စစ်မှန်ကြောင်း ပေါ်လွင်ထင်ရှားသည်။ (တမန် ၁၆း၁-၄)

ဃ။ နေရာဒေသ၊ ခေတ်ကာလနှင့် လူမျိုးမရွေး အမြဲတမ်း 'တူ' နေကြသည်။ အဘွား လောဣ၊ အမိဥနိတ်နှင့် သူ့ဆရာကြီး ပေါလုတို့၌ တည်သော ယုံကြည်ခြင်းမျိုးသည် တိမောသေ၌လည်းတည်နေသည်။ သူတို့၏ ယုံကြည်ခြင်းသည် တူကြသည်။

***သင့်ကို မခြားမလပ်အောက်မေ့သည်ဖြစ်၍. . .***

၁။ ပေါလုသည် နေ့ညမပြတ် ဆုတောင်းတိုင်း တိမောသေ၏ -

က။ သူ၏မျက်ရည်၊

ခ။ သူ၏ယုံကြည်ခြင်း စသည်တို့ကို အောက်မေ့သည်။

၂။ ထိုသို့အောက်မေ့တိုင်း ပေါလုသည်ဘုရားသခင်၏ ကျေးဇူးတော်ကိုချီးမွမ်းသည်။

၃။ ပေါလုသည် ဘုရားသခင်ကို

က။ ကိုယ်ကိုယ်ကိုယ် သိသော စင်ကြယ်ခြင်းစိတ်နှင့် ချီးမွမ်းလျက် ကိုးကွယ်သည်။

၁။ ဘိုးဘေးတို့ ကိုးကွယ်သည်နည်းတူ ကိုးကွယ် (lateuo)သည်။
ယဇ်ပုရောဟိတ် များကဲ့သို့ မိမိအသက်တာကို သန့်ရှင်းစွာ ပူဇော်
ဆက်သခြင်းဖြင့် ကိုးကွယ်သည်။
ဂ။ သြတ္တပ္ပစိတ် စင်ကြယ်စွာဖြင့် ကိုးကွယ်သည်။
ဃ။ ဖြူစင်သော စိတ်၊ သန့်ရှင်းသော လက်တို့ဖြင့် ဘုရားသခင်ကို ကိုးကွယ်ကြရမည်။ ယုံကြည်ခြင်းစစ်သည် မှန်သောကိုးကွယ်ခြင်း၏ အကြောင်းဖြစ်သည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၀၃)

## ဘုရားသခင်ပေးသော စိတ်ဓာတ်

*ထိုသို့ဖြစ်၍ ငါလက်တင်သောအားဖြင့်၊ သင်၌ဘုရားသခင် ပေးတော်မူသော ဆုကို နှိုးဆော်မည်အကြောင်း ငါသည်သင့်ကို သတိပေး၏။ အကြောင်းမူကား၊ ဘုရား သခင်သည် ကြောက်တတ်သော စိတ်သဘောကို ငါတို့အား ပေးတော်မူသည် မဟုတ်၊ တန်ခိုးပါသောစိတ်၊ ချစ်တတ်သောစိတ်၊ ရှင်းလင်းသောစိတ် သဘောကို ပေးတော်မူ၏။ (၂တိ ၁း၆-၇)*

***ထိုသို့ဖြစ်၍ ငါလက်တင်သောအားဖြင့် သင်၌ဘုရားသခင် ပေးတော်မူသောဆုကို***

၁။ ငါလက်တင်သောအားဖြင့် -

က။ ခေါင်းပေါ်လက်တင်၍ ဆုတောင်းပေးခြင်းကို ရည်ညွှန်းသည်။

ခ။ လက်တင်မင်္ဂလာပေးရာ၌ ဆုတောင်းပေးခြင်းကို ဆိုလိုခြင်းလည်း ဖြစ်နိုင်သည်။

ဂ။ ပေါလုသည် တိမောသေ၏ ခေါင်းပေါ်၌ လက်တင်လျက် ဆုတောင်း ပေးခဲ့သည်။

၂။ ငါလက်တင်သောအားဖြင့် -

က။ ဘုရားသခင်သည် ပေါလု၏ ဆုတောင်းခြင်းကို နားညောင်းသည်။

ခ။ ဘုရားသခင်သည် ပေါလု၏ ဆုတောင်းခြင်းကို ကောင်းချီးပေးသည်။

ဂ။ ထိုဆုတောင်းခြင်းအားဖြင့် ဘုရားသခင်သည် တိမောသေကို ဆုပေး သနားတော်မူသည်။

၃။ သင်၌ ဘုရားသခင်ပေးတော်မူသောဆု၊

က။ ဝိညာဉ်တော်ပေးသနားတော်မူသော ဆုကျေးဇူးကို ဆိုလိုသည်။

ခ။ ဘုရားသခင်သည် တိမောသေကို ဝိညာဉ်ဆုကျေးဇူး ပေးတော်မူသည်။

ဂ။ ဝိညာဉ်ဆုကျေးဇူးသည် ဘုရားသခင်စေခိုင်းသောအမှုတော်မြတ် အတွက် ဖြစ်သည်။

### နှိုးဆော်မည်အကြောင်း ငါသည်သင့်ကို သတိပေး၏

၁။ ပေါလုသည် တိမောသေကို သတိပေးသည်မှာ -
  က။ မိမိရရှိထားသော ဝိညာဉ်ဆုကျေးဇူးကို နှိုးဆော်ရန်ဖြစ်သည်။
  ခ။ ဘုရားသခင်ပေးသနားတော်မူသော ဆုကျေးဇူးကို တိမောသေ နှိုးဆော်ရမည်ဖြစ်သည်။
၂။ နှိုးဆော် (anazopureo) သည် -
  က။ မီးမွှေးပေးခြင်း၊
  ခ။ ပြန်လည်ရှင်သန်စေခြင်း စသည်တို့ဖြစ်သည်။
၃။ တိမောသေသည် ဘုရားသခင်ပေးသနားတော်မူသော ဆုကျေးဇူးကို အချိန်ပေး၊ အပင်ပန်းခံပြီး ပြန်လည်မီးတောက်စေရမည်။

### အကြောင်းမူကား. . . ပေးတော်မူ၏

၁။ ဘုရားသခင်ပေးသနားတော်မူသော ဆုကျေးဇူးကို အမြဲရှင်သန်စေရခြင်း၏ အကြောင်းရင်းမှာ -
  က။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်ဖြစ်သည်။
  ခ။ ဘုရားသခင်ပေးသော အခွင့်နှင့် အစွမ်းကြောင့်ဖြစ်သည်။
၂။ ဘုရားသခင်သည်
  က။ ကြောက်တတ်သော စိတ်သဘောကို မပေး၊
  ခ။ တန်ခိုးပါသော စိတ်၊
  ဂ။ ချစ်တတ်သော စိတ်၊
  ဃ။ ရှင်းလင်းသော စိတ်သဘော တို့ကို ပေးတော်မူ၏။
၃။ တန်ခိုးပါသော (duamis)သည် သက်ဝင်မှုရှိသော စိတ်သဘောကို ဆိုလိုသည်။
၄။ ချစ်တတ်သော စိတ်သည် အခြေအနေပေါ်၌ အခြေမပြုဘဲ ဘုရားသခင်၏ ကတိတော်၌သာ အခြေခံသော ချစ်ခြင်းမေတ္တာကို ဆိုလိုသည်။
၅။ ရှင်းလင်းသော စိတ်သဘော (sophronismos)သည် ကျန်းမာသောစိတ်၊ ပြတ်သားသောစိတ်၊ မိမိကိုယ်ကို ထိန်းချုပ်နိုင်သော စိတ်၊ စသည်တို့ဖြစ်သည်။ တိကျခိုင်မာသော ဆုံးဖြတ်ချက်များကို ချနိုင်၍ ရှင်းလင်းနေသော စိတ်ကို ဆိုလိုသည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၀၄)

## တန်ခိုးနှင့် ကျေးဇူးတော်

***ထို့ကြောင့်၊ ငါတို့သခင်ဘုရား၏ သက်သေကိုငှင်း၊ ထိုသခင်ကြောင့် အကျွန်းခံရသောသူဖြစ်သော ငါ့ကိုငှင်းရှက်ကြောက်ခြင်းမရှိနှင့်။ ဘုရားသခင်ပေးသနား တော်မူသော တန်ခိုးကိုရသည်အတိုင်း ဧဝံဂေလိတရားနှင့် ဆက်ဆံ၍ ဆင်းရဲဒုက္ခကိုခံလော့။ ဘုရားသခင်သည် ငါတို့ကျင့်သော အကျင့်ကို ထောက်တော်မမူ၊ ရှေးကပ်ကာလမရောက်မှီ၊ ယေရှုခရစ်အားဖြင့် ငါတို့အဘို့ ကိုယ်တော်တိုင်ကြံစည်တော်မူသော ကျေးဇူးတော်နှင့်အညီ ငါတို့ကို ကယ်တင်၍ သန့်ရှင်းသောအရာ၌ ခေါ်သွင်းတော်မူ၏။***

***(၂တိ ၁း၈-၉)***

### *ထို့ကြောင့် . . . ရှက်ကြောက်ခြင်းမရှိနှင့်*

၁။ ထို့ကြောင့် -

က။ ဘုရားသခင်သည် ကြောက်တတ်သော စိတ်သဘောကို မပေးဘဲ၊

ခ။ တန်ခိုးပါသောစိတ်၊ ချစ်တတ်သောစိတ်နှင့် မိမိကိုယ်ကို ထိန်းချုပ်နိုင်သောစိတ်တို့ကို ပေးသည်။

၂။ ထိုအကြောင်းကြောင့် မှန်သောအမှုတို့၌ ရှက်ကြောက်ခြင်းမရှိသင့်ချေ။

က။ သခင်ယေရှုခရစ်၏ သက်သေကိုလည်းကောင်း၊

ခ။ သခင်ဘုရားကြောင့် အကျဉ်းခံရသော ပေါလု၏ သက်သေကိုလည်းကောင်း၊ ရှက်ကြောက်ခြင်း မရှိသင့်ပေ။

၃။ သခင်ယေရှုအကြောင်းကို မှန်ကန်စွာ ဝန်ခံ၍ သက်သေခံရမည်။

၄။ ထိုနည်းတူ ရှင်ပေါလု၏ အကြောင်းကိုလည်း မှန်ကန်စွာ ဝန်ခံရမည်။

***ဘုရားသခင်ပေးတော်မူသော တန်ခိုးကိုရသည်အတိုင်း. . . ဆင်းရဲဒုက္ခကိုခံလော့၊***

၁။ ဘုရားသခင်ပေးတော်မူသော တန်ခိုးအတိုင်း
  က။ ဧဝံဂေလိတရားကို ဟောပြောရမည်။
  ခ။ သခင်ယေရှု၏ အကြောင်းကို သက်သေခံရမည်။
၂။ ဘုရားသခင်ပေးတော်မူသော တန်ခိုးနှင့်အညီ
  က။ ပြစ်တင်ဝေဖန်ခြင်းကို အတူခံယူ (sugkakopatheo)ရမည်။
  ခ။ သတင်းကောင်းအတွက် ဒုက္ခခံရမည်။
  ဂ။ အမှုတော်မြတ်၌ ဆင်းရဲဒုက္ခကိုခံရမည်။

***ဘုရားသခင်သည် ငါတို့ကျင့်သောအကျင့်ကို ထောက်တော်မမူ. . .***

၁။ ဘုရားသခင်သည် လူတို့၏အကျင့်ကို ထောက်၍ ရွေးချယ်သည်မဟုတ်။
  က။ ဖြောင့်မတ်သောသူ တယောက်မျှ မရှိ။ (ရောမ ၃)
  ခ။ မိမိကုသိုလ်ဖြင့် ကယ်တင်ခြင်းသို့ ရောက်ကြသည် မဟုတ်။
  (ဧဖက် ၂း၈-၁၀)
၂။ ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ရှေးကပ်ကာလမရောက်မီ ခွဲခန့်မှတ်သားနှင့်သည်။ (ရောမ ၈)

***ကိုယ်တော်ကြံစည်တော်မူသော ကျေးဇူးတော်နှင့်အညီ. . .***

၁။ ဘုရားသခင်သည် မည်သည့်အရာကိုမှ အခြေမပြုဘဲ -
  က။ အကျွန်ုပ်တို့ကို ကယ်တင်ရန်၊
  ခ။ သန့်ရှင်းရာသို့ ခေါ်သွင်းရန် အလိုတော်ရှိသည်။
၂။ ဘုရားသခင်သည် မိမိ၏အလိုတော်အတိုင်း -
  က။ အကျွန်ုပ်တို့၏ ကယ်တင်ခြင်းအမှုကို ကြံစည်တော်မူသည်။
  ခ။ အကျွန်ုပ်တို့၏ ကောင်းစားရေးကို ယေရှုခရစ်၌ ရှေးမဆွက ကြိုတင်ပြင်ဆင်နှင့်သည်။
၃။ ထိုသို့ပြုခြင်းသည် ဘုရားသခင်၏ ကျေးဇူးတော်သက်သက်ပင် ဖြစ်သည်။

၄။ ထိုကျေးဇူးတော်နှင့်အညီ ဘုရားသခင်သည် အကျွန်ုပ်တို့ကို -

က။ ကာလအချိန်တန်သောအခါ ခေါ်တော်မူသည်။

ခ။ ကာလအချိန်စေ့သောအခါ ကယ်တင်တော်မူသည်။

ဂ။ ဖြောင့်မတ်စေသည်။

ဃ။ သန့်ရှင်းစေသည်။

င။ သန့်ရှင်းသောအမှုကို ဆောင်ရွက်စေသည်။

# ယေရှုယေခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၀၅)

## ကျေးဇူးတော်နှင့် တရားတော် . . .

*ထိုကျေးဇူးတော်ကား၊ ငါတို့ကို ကယ်တင်သော သခင်ယေရှုခရစ် ပေါ်ထွန်းသည့် အရာမှာ ယခုထင်ရှားလျက်ရှိ၏။ ထိုသခင်သည် သေခြင်းအကြောင်းကို ပယ်ရှား၍၊ အသက်ရှင်ခြင်းအကြောင်း နှင့် မဖောက်ပြန်ခြင်းအကြောင်းကို ဧဝံဂေလိ တရားအားဖြင့် ထင်ရှားစေတော်မူပြီ။ ထိုတရားကို ဟောပြောသောသူအရာ၌ ၎င်း၊ တမန်တော်အရာ၌၎င်း၊ တပါးအမျိုးသားတို့၏ ဆရာအရာ ၌၎င်း ငါ့ကို ခန့်ထားတော်မူပြီ။ (၂တိ ၁း၁၀-၁၁)*

***ထိုကျေးဇူးတော်ကား . . .***

၁။ ဘုရားသခင်သည် အကျွန်ုပ်တို့ကို ကယ်တင်ရန် အလိုရှိတော်မူသည်။

၂။ ဘုရားသခင်သည် မိမိ၏ အလိုတော်ကို အကောင်အထည်ဖော်ရန် ရှေးမဆွက ကြံစည်တော်မူနှင့်သည်။

၃။ ထိုသို့မိမိ၏ အလိုတော်နှင့် အကြံစည်တော်အတိုင်း၊ ဘုရားသခင်သည် -

က။ အကျွန်ုပ်တို့၏ အကျင့်ကို မထောက်ဘဲ၊

ခ။ သခင်ခရစ်တော်၌ အကျွန်ုပ်တို့ကို ရွေးချယ်တော်မူနှင့်သည်။

(ဧဖက် ၁း၁-၄)

၄။ ဤသည်ကား ကျေးဇူးတော်ပင်ဖြစ်သည်။ ယင်းသည် -

က။ သခင်ယေရှု မွေးဖွားလာခြင်းအားဖြင့်၊

ခ။ သခင်ယေရှု၏ အသက်တာနှင့်အမှုတော်၌ ထင်ရှားလျက်ရှိသည်။

***ထိုသခင်သည် . . .***

၁။ 'ထိုသခင်' သည် သခင်ယေရှုကို ရည်ညွှန်းသည်။

၂။ ထိုသခင်ယေရှုခရစ်သည်

က။ သေခြင်းကို အောင်သောသူဖြစ်သည်။
ခ။ အသက်ရှင်ခြင်းအကြောင်းဖြစ်သည်။ (ယော ၁၁း၂၅)
ဂ။ ပျက်ဆီးဖောက်ပြန်ခြင်းမရှိသောသူလည်း ဖြစ်သည်။
၃။ ထိုသခင်သည် သေခြင်းကိုအောင်၍ အသက်ရှင်ခြင်းသို့ ရောက်ရာလမ်းဖြစ်သည်။ (ယော ၁၄း၆)
က။ သခင်ခရစ်တော်ကိုယ်တိုင် ဟောပြောသက်သေခံသော သတင်းကောင်းအားဖြင့် ထင်ရှားသည်။ (ယော ၅)
ခ။ သခင်ယေရှုခရစ်တော်၏ အသက်တာအားဖြင့် ပုံသက်သေထူ၍ ထင်ရှားသည်။
ဂ။ လက်ဆင့်ကမ်းသော ဧဝံဂေလိတရားအားဖြင့် ယနေ့ထင်ရှားလျက်ရှိသည်။

***ထိုတရားကို. . .***

၁။ 'ထိုတရား' သည် ဧဝံဂေလိတရားကို ဆိုလိုသည်။
၂။ ထိုတရားသည် 'မင်္ဂလာရှိတော်မူသော ဘုရားသခင်၏ ဘုန်းကြီးသော ဧဝံဂေလိတရား' ဖြစ်သည်။ (၁တိ ၁း၁၁)
၃။ ထိုတရားသည် ဝေနေယျ သတ္တဝါအပေါင်းတို့ထံသို့ ဟောပြောရမည့် တရားဖြစ်သည်။ (ကော ၁း၂၃)
၄။ ပေါလုသည် ထိုတရားနှင့် သက်ဆိုင်သော
က။ ဟောပြောသူ (တရားဟောဆရာ)၊
ခ။ တမန်တော်၊ (၂ကော ၁၂း၁၂)
ဂ။ တစ်ပါးအမျိုးသားတို့၏ ဆရာ (တမန် ၁၀၊ ရောမ ၁၅း ၁၈-၁၉) ဖြစ်သည်။
၅။ ဘုရားသခင်သည် ပေါလုကို အထက်ပါ အရာတို့၌ ခန့်အပ်ထားသည်။
ဘုရားသခင်၏ ခန့်အပ်ခြင်းမပါဘဲ အဘယ်သူမျှ ဘုရားအမှုကို မဆောင်နိုင်။ (ဟေဗြဲ ၅း၁-၅)

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၀၆)

## တရားမှန်ကို စွဲလမ်းခြင်း. . .

*ထိုအကြောင်းကြောင့်၊ ဤဆင်းရဲဒုက္ခကို ငါခံရ၏။ သို့သော်လည်း ရှက်ကြောက်ခြင်း မရှိ၊ အဘယ်သူကို ငါယုံကြည်သည်ဟု ငါသိ၏။ သူ၌ ငါအပ်ထားသော အရာကို လည်း ထိုနေ့ရက်တိုင်အောင် စောင့်နိုင်တော်မူသည်ဟု ငါသဘောကျ၏။ ငါ့ထံ၌ ကြားရပြီး သောစင်ကြယ်သောတရားစကားအချုပ်အခြာကို ယေရှုခရစ်၌ ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့်တကွ စွဲလမ်းလော့။*

*(၂တိ ၁း၁၂-၁၃)*

### *ထိုအကြောင်းကြောင့်. . .*

၁။ ဘုရားသခင်သည် ပေါလုကို အမှုတော်ဆောင်အဖြစ် ခန့်ထားခဲ့သည်။

၂။ ထိုသို့ ဘုရားသခင်ခန့်ထားသောသူ ဖြစ်သောကြောင့် ပေါလုသည်

က။ ဆင်းရဲဒုက္ခခံနေရသည်၊ (၂ကော ၁၁)

ခ။ အကျဉ်းထောင်ကျနေရသည်။ (၂တိ ၁း၈)

၃။ ဘုရားသခင်သည် အကျွန်ုပ်တို့ကို အလုပ်တာဝန်ခန့်အပ်သောအခါ

က။ ထိုအလုပ်ကို ပြီးမြောက်သည်အထိ ဆောင်ရွက်ရမည်။

ခ။ ထိုအလုပ်နှင့်စပ်လျဉ်းသော ဒုက္ခဆင်းရဲခြင်းကိုလည်း ခံရမည်။

ဂ။ ထိုအလုပ်အားဖြင့်လည်း ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေရမည် (ယော ၁၇း၁-၇)။

### *သို့သော်လည်း. . .*

၁။ ထိုသို့ ဒုက္ခဆင်းရဲခြင်းကို ခံနေရသော်လည်း ပေါလုသည် -

က။ ရှက်ကြောက်ခြင်း မရှိ၊

ခ။ စိတ်ညစ်နေခြင်း မရှိ၊

ဂ။ စိတ်ခါတ်ကျသည်လည်း မရှိ။
၂။ အကြောင်းရင်းမှာ ပေါလုသည် -
 က။ ကိုယ်တိုင် ယုံကြည်သောသူ (ဘုရားသခင်ကိုသိသောသူ) ဖြစ်သည်။
ခ။ မိမိယုံကြည်သော ဘုရားသခင်သည် အဘယ်သူဖြစ်သည်ကို အသေအချာသိ (ဂရိ-eido)သည်။
၃။ နောက်ထပ်အကြောင်းရင်းမှာ ပေါလုသည် -
က။ ဘုရားသခင်၌ မိမိအသက်ဝိညာဉ်ကို အပ်နှံထားသည်။
ခ။ ဘုရားသခင်၌ မိမိနှင့်သက်ဆိုင်သော အမှုအရာများကို ယုံကြည်စွာအပ်နှံထားသည်။
ဂ။ ဘုရားသခင်၌ အပ်နှံထားသောအရာရှိသမျှတို့ကို ဆုံးခန်းတိုင်အောင် ဘုရားသခင်စောင့်ရှောက်နိုင်မည်ဟု စိတ်ချယုံကြည် (peitho)သည်။
- 'ထိုနေ့ရက်' သည် သခင်ခရစ်တော် ပြန်ကြွလာမည့်နေ့ကို ရည်ညွှန်းသည်။
- ထိုနေ့ရက်တိုင်အောင် ပေါလုကို ဘုရားသခင် စောင့်ရှောက်မည်ဖြစ်သည်။

***ငါ့ထံ၌ ကြားရပြီးသော. . .***

၁။ ပေါလုထံမှ တိမောသေ ကြားရသောအရာများသည်
က။ ရှင်ပေါလု၏ သွန်သင်ချက်များ၊
ခ။ ရှင်ပေါလု၏ ဆင်းရဲဒုက္ခ၊
ဂ။ ရှင်ပေါလု၏ အသက်တာပုံသက်သေ စသည်တို့ဖြစ်သည်။
၂။ ရှင်ပေါလု၏ သွန်သင်ချက်များသည်
က။ စင်ကြယ်သော စကားများဖြစ်ကြသည်။
ခ။ ဘုရားသခင်မှ ဖွင့်ပြပေးသနားတော်မူသော စကားများဖြစ်ကြသည်။
ဂ။ အသက်တာနှင့် အမှုတော်မြတ်အားဖြင့် အတည်ပြုထားသော စကားများ ဖြစ်ကြသည်။
၃။ ရှင်ပေါလု၏ သွန်သင်ချက်များသည် လိုက်လျှောက်ရမည့် စနစ်၊ မြေပုံ (hupotuosis) ဖြစ်သည်။

***ယေရှုခရစ်၌ ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့်တကွ စွဲလမ်းလော့. . .***

၁။ ပေါလု၏ သွန်သင်ချက်များသည် ခရစ်တော်၌ အခြေခံသည်။

၂။ ထို့ကြောင့် ခရစ်တော်ကို ဗဟိုပြု၍ တိမောသေသည်လည်း

က။ ပေါလု၏ သွန်သင်ချက်များကို ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့်တကွ ခံယူရမည်။

ခ။ ပေါလု၏ သွန်သင်ချက်များကို ယုံကြည်မြတ်နိုးစွာ လက်တွေ့ ဖော်ဆောင်ရမည်။

၃။ စင်ကြယ်သော တရားစကားများကို ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့်တကွ 'စွဲလမ်း' ခြင်းသည် လက်တွေ့အသက်တာ၌ -

က။ ပိုင်ဆိုင်ထားခြင်း (echo)ဖြစ်သည်။

ခ။ ကျင့်သုံး၍ ထိန်းသိမ်းခြင်းဖြစ်သည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၀၇)

## အပ်နှံထားသော အရာကို စောင့်ရှောက်ခြင်း...

*သင်၌ အပ်ထားသောအရာမြတ်ကို ငါတို့၌ ကျိန်းဝပ်တော်မူသော သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် စောင့်ရှောက်လော့၊ ကျွ အာရှိပြည်၌ နေသောသူအပေါင်းတို့ သည် ငါ့ကိုပယ်ကြပြီဟု၊ သင်သည်ကြားသိ၏။ ထိုသူတို့တွင် ဖုဂေလုနှင့် ဟေရမောဂင်ပါ သတည်း။* *(၂တိ ၁း၁၄-၁၅)*

### *သင်၌ အပ်ထားသော အရာမြတ်ကို...*

၁။ ဂရိစကားလုံး (paratheke)သည် -
  က။ paratithemi (စရန်ငွေအပ်နှံ) မှ လာသည်။
  ခ။ ယုံကြည်၍ အပ်နှံထားသော စရန်ငွေဖြစ်သည်။

၂။ တိမောသေ၌ အပ်နှံထားသော အရာမြတ်မှာ -
  က။ ဧဝံဂေလိတရားတော်၊
  ခ။ ယုံကြည်ခြင်းစစ်၊
  ဂ။ အမှုတော်မြတ် စသည်တို့ဖြစ်နိုင်သည်။
(ယှဉ်ကြည့်ရန် ယော ၁၇း၁-၅)

၃။ ဤသို့ ယုံကြည်၍ အပ်နှံထားသော အရာများကို တိမောသေသည် စောင့်ရှောက်ရမည်။
  က။ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် လည်းကောင်း၊
  ခ။ သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးအားဖြင့် လည်းကောင်း၊

၄။ သန့်ရှင်းသော ဝိညာဉ်တော်သည် -
  က။ ယုံကြည်သူတို့ထဲ၌ ကျိန်းဝပ်တော်မူသည်။ (ရောမ ၈း၉)
  ခ။ ယုံကြည်သူတို့ကို လမ်းပြဦးဆောင်တော်မူသည်။ (ရောမ ၈း၁၄)

ဂ။ ယုံကြည်သူများအား ဆုတောင်းတတ်ရန် မစတော်မူသည်။
(ရောမ ၈း၂၆-၂၇)

ဃ။ ယုံကြည်သူများကို သမ္မာကျမ်းစာ၏ အနက်အဓိပ္ပာယ် နားလည်စေသည်။ (မဿဲ ၄း၁-၁၁၊ သုတ္တံ ၁း၂၃)

င။ ယုံကြည်သူများကို တန်ခိုးနှင့် ပြည့်စုံသေသည်။ (မဿဲ ၄း၁၄)

***အာရှိပြည်၌ နေသောသူအပေါင်းတို့သည် ငါ့ကိုပယ်ကြပြီ. . .***

၁။ သခင်ခရစ်တော်၏ မိန့်မှာချက်အတိုင်း ပေါလုသည် -

က။ တပည့်များ မွေးထုတ်သည်။ (မဿဲ ၂၈း၁၈-၂၀)

ခ။ အသင်းတော်များလည်း ထူးထောင်သည်။

၂။ သူ၏ တပည့်တချို့များမှာ -

က။ တိမောသေ၊

ခ။ တိတု စသည်တို့ဖြစ်ကြသည်။

၃။ သို့သော် သခင်ခရစ်တော်မှာ ကြားသည့်အတိုင်း ပေါလုသည်လည်း -

က။ ခရစ်တော်၏ နာမတော်ကြောင့် မုန်းတီးခြင်းခံရသည်။ (မာကု ၁၃း၁၃)

ခ။ ခရစ်တော်၏ အသင်းတော်ကြောင့် စွန့်ပယ်ခြင်းလည်းခံရသည်။

၄။ ဥပမာအားဖြင့် -

က။ အာရှိပြည်၌နေသောသူအပေါင်းတို့သည် ပေါလုကို ပယ်ကြသည်။

ခ။ အာရှိပြည်မှ ထင်ရှားသော ပုဂ္ဂိုလ်နှစ်ဦးမှာ ဖုဂေလုနှင့် ဟေရမောဂင် ဖြစ်ကြသည်။

- သူတို့နှစ်ဦးသည် ပေါလု၏တပည့်များ ဖြစ်ကောင်းဖြစ်နိုင်သည်။
- သို့သော် သူတို့သည် ပေါလုထံမှ စွန့်ခွာကြသည်။

၅။ ဤသည်ကား အမှုတော်မြတ်၏ စိန်ခေါ်ချက်နှင့် ခရစ်တော်နောက်လိုက်ဖြစ်ရခြင်း၏ အဖိုးအခပေးဖြစ်သည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၀၈)

## သနားစုံမက်ခြင်း မင်္ဂလာ

*ထာဝရဘုရား၏ ကရုဏာတော်သည်ဩနေသိဖော်၏ အိမ်၌ သက်ရောက်ပါစေသော။ သူသည် ငါ့ကိုအဖန်ဖန် သက်သာစေပြီ။ ငါ၌ သံကြိုးချည်နှောင်လျက်ရှိ သော်လည်း၊ သူသည်ရှက်ကြောက်ခြင်းမရှိဘဲ၊ ရောမမြို့သို့ ရောက်သောအခါ သာ၍ ကြိုးစားလျက် ငါ့ကို ရှာ၍ တွေ့၏။ သူသည် ထိုနေ့ရက်၌ သခင်ဘုရား၏ လက်မှ ကရုဏာတော်ကို ခံရမည်အကြောင်း၊ ထာဝရဘုရားသည် ပေးသနားတော်မူပါစေသော။ သူသည် ဧဖက်မြို့၌လည်း ငါ့ကို အဘယ်မျှလောက် ပြုစုသည် ကို သင်သည်အမှန်သိ၏။*

*(၂တိ ၁း၁၆-၁၈)*

### *ထာဝရဘုရား၏ ကရုဏာတော်*

၁။ ပေါလုသည် ဘုရားသခင်၏ ကရုဏာတော်ကို အလွန်မြတ်နိုးသည်။ (၁တိ ၁း၂၊ ၁၃၊ ၁၆)

၂။ အကျွန်ုပ်တို့ အသက်ရှင်ခွင့်ရနေခြင်းသည်လည်း ဘုရားသခင်၏ ကရုဏာတော်ကြောင့်ဖြစ်သည်။ (မြည်တမ်း ၃း၂၂)

၃။ နောက်ဆုံးတရားစီရင်သောနေ့၌ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏ ကရုဏာသာ လိုအပ်ကြမည်ဖြစ်သည်။

### *ထာဝရဘုရား၏ ကရုဏာတော်သည် ဩနေသိဖော် . . .*

၁။ ပေါလုက ဩနေသိဖော်နှင့် မိသားစုအပေါ် ဘုရားသခင်၏ ကောင်းချီးကို ပေးနေသည်။

၂။ အလိုအပ်ဆုံးသောကောင်းချီးမင်္ဂလာသည် ဘုရားသခင်၏ ကရုဏာဖြစ်သည်။ (ဆာလံ ၁၂၃)

၃။ အကြောင်းရင်းမှာ -

က။ ဩနေသိဖော်သည် ရှင်ပေါလုကို ကြိမ်ဖန်များစွာ ပြုစုသောကြောင့် သက်သာစေခဲ့သည်။

ခ။ ဩနေသိဖော်သည် ရှင်ပေါလု အကျဉ်းထောင်၌ ရှိနေစဉ် သူ့ဘက်၌ ရပ်တည်လျက်ရှိသည်။

ဂ။ အကျဉ်းထောင်၌ ရှိနေသော ပေါလုနှင့် ပတ်သက်နေသည်ကို ရှက်စရာဟု မမှတ်။ ကြောက်စရာဟုလည်း မထင်။

၄။ ရောမမြို့သို့ ရောက်သောအခါ ပေါလုကိုမရမက ရှာတွေ့ခဲ့သည်။ ရှင်ပေါလုအား ထပ်၍သက်သာစေရန်ဖြစ်သည်။

## ***သူသည် ထိုနေ့ရက်၌. . .***

၁။ 'ထိုနေ့ရက်' သည် တရားစီရင်ရာ နေ့ရက်ကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။

၂။ ဘုရားသခင်လက်တော်မှ ကရုဏာတော်ကို ဩနေသိဖော် ခံရစေလိုသည်။

၃။ ရှင်ပေါလုသည် ဩနေသိဖော်နှင့် မိသားစုအတွက် ထာဝရဘုရားထံမှ -

က။ ဆုတောင်းကောင်းချီးပေးသည်။

ခ။ အသနားခံတော်မူသည်။

၄။ ဩနေသိဖော်သည် သူတစ်ပါးအား သနားတတ်သောသူဖြစ်သည်။

က။ ပေါလုကို ကြိမ်ဖန်များစွာ ပြုစုခဲ့၍ သက်သာစေခဲ့သည်။

ခ။ ပေါလုကို ရောမမြို့၌လည်း ထပ်၍ ပြုစုစောင့်ရှောက်ခဲ့သည်။

၅။ ပေါလုသည် ဤအချက်ကို တိမောသေအား အမြဲမှတ်စေချင်သည်။ သူတစ်ပါးအား သနားတတ်သော သဘောကိုလည်း သင်ယူစေချင်သည်။ ဩနေသိဖော်ကဲ့သို့သော လူမျိုးကို ချီးမြောက်စေချင်သည်။

၆။ သနားစုံမက်တတ်သော ဩနေသိဖော်၌ သနားစုံမက်ခြင်း မင်္ဂလာရှိသည်။ သနားစုံမက်တတ်သောသူသည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် သနားစုံမက်ခြင်းကို ခံရကြလတံ့။ (မဿဲ ၅း၇)

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၀၉)

## ကျေးဇူးတော်၌ ခိုင်ခံ့ခြင်း

*ငါ့သား၊ သင်သည် ယေရှုခရစ်၌ရှိသော ကျေးဇူးတော်အားဖြင့် ခိုင်ခံ့ခြင်းရှိလော့။ သက်သေခံအများရှိသည်နှင့် ငါ့ထံ၌ကြား ရပြီးသောအရာတို့ကို၊ သစ္စာနှင့်ပြည့်စုံ ၍ သူတပါးတို့ကို သွန်သင်ခြင်းငှါ တတ်စွမ်းနိုင်သောသူတို့၌ အပ်ပေးလော့။*

*(၂တိ ၂း၁-၂)*

***ငါ့သား. . .***

၁။ ပေါလုသည် တပည့်တိမောသေကို သားဟုခေါ်သည်။

၂။ တိမောသေသည် ယုံကြည်ခြင်း၌ ပေါလု၏ သားဖြစ်သည်။

၃။ ယုံကြည်ခြင်း၌ သားဖြစ်ခြင်းဆိုသည်မှာ

က။ ဘုရားသခင်ကို ယုံကြည်ရာ၌ တိမောသေသည် ပေါလုကဲ့သို့ ဖြစ်သည်။

ခ။ ဘုရားသခင်၏ အစေခံရာ၌လည်း တိမောသေသည် ပေါလုကဲ့သို့ ဖြစ်သည်။ (ဖိလိ ၂)

***ယေရှုခရစ်၌ရှိသော ကျေးဇူးတော်အားဖြင့် ခိုင်ခံ့ခြင်းရှိလော့***

၁။ ကျေးဇူးတော်သည် အကျွန်ုပ်တို့အပေါ်၌၊ အကျွန်ုပ်တို့အတွက် ဘုရားသခင် ပြုတော်တော်မူသော ကောင်းမှုဖြစ်သည်။

က။ ထိုကျေးဇူးတော်သည် အကျွန်ုပ်တို့ပြုသောကုသိုလ်နှင့် မသက်ဆိုင်။

ခ။ ထိုကျေးဇူးတော်သည် ဘုရားသခင်၏ သနားခြင်း ကရုဏာသက်သက် ကြောင့်ဖြစ်သည်။

၂။ ‘ကျေးဇူးတော်’ အဘယ်သို့ ဖြစ်လာသနည်း။

 က။ ဘုရားသခင် ဆန္ဒရှိ၍ (တစုံတရာကို) အလိုရှိတော်မူသည်။

ခ။ ဘုရားသခင်သည် ထိုအလိုတော် (မိမိ၏အလိုတော်)ကို အကောင်အထည်ဖော်ရန် ကြံစည်တော်မူသည်။

ဂ။ ဘုရားသခင်သည် ထိုကြံစည်တော်မူသည့်အတိုင်း သနား၍ ကောင်းမှု (ကျေးဇူး) ပြုတော်မူသည်။

၃။ ခရစ်တော်ယေရှု၌ ဘုရားသခင်ပြုတော်မူသော ကျေးဇူးတော်မှာ-

က။ အပြစ်ခွင့်လွှတ်ခြင်း၊

ခ။ ကယ်တင်ရွေးနှုတ်ခြင်း၊

ဂ။ ထာဝရအသက်ပေးခြင်း၊

ဃ။ ဝိညာဉ်တော် သွန်းလောင်းခြင်း၊

င။ တရားတော် (နှုတ်ကပတ်တော်) ပေးသနားခြင်း၊

စ။ အမှုတော်မြတ်ကို ယုံကြည်၍ အပ်နှံခြင်း စသည်တို့ဖြစ်သည်။

၄။ တိမောသေသည် ထိုကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိရမည်။

က။ ထိုကျေးဇူးတော်ကို အမှီပြု၍ အသက်ရှင်ရမည်။

ခ။ ထိုကျေးဇူးတော်ကို ထောက်၍ ကြိုးစားရုန်းကန်နေရမည်။

ဂ။ ထိုကျေးဇူးတော်ကို လေးနက်စွာ တန်ဖိုးထားရမည်။

ဃ။ ထိုကျေးဇူးတော်ကို ထိုက်တန်စွာ တုံ့ပြန်ရမည်။

***သက်သေခံအများ ရှိသည်နှင့် ငါ့ထံ၌ ကြားရပြီးသော အရာတို့ကို၊***

၁။ မည်သည့်အရာမျှ ထာဝရ ဝှက်ထား၍ မရ။

၂။ ပြုသောအမှု မှားသည်၊ မှန်သည်နှင့် စပ်လျဉ်း၍ -

က။ သက်ရှိသက်သေ

ခ။ သက်မဲ့သက်သေ များရှိနေမည်ဖြစ်သည်။

၃။ ပေါလု၏ အသက်တာနှင့် သွန်သင်ချက်များနှင့် စပ်လျဉ်း၍ -

က။ သက်သေခံအများရှိသည်။

ခ။ တိမောသေ ကိုယ်တိုင်သည်လည်း သက်သေတစ်ဦးဖြစ်သည်။

၄။ တိမောသေသည် ပေါလုံထံမှ ကြားရပြီးသော အရာတို့ကို အခိုင်အမာ လက်ခံ၊ ခံယူရမည်။

၅။ အကြောင်းမှာ

က။ သက်သေများစွာ ရှိကြသည်။

ခ။ တိမောသေကိုယ်တိုင် မြင်ရ၊ ကြားရသော အရာဖြစ်သည်။

ဂ။ ပေါလုထံမှ တိုက်ရိုက် (တစ်ဆင့်မဟုတ်ဘဲ)ကြားရသော အရာများဖြစ်ကြသည်။

***သစ္စာနှင့်ပြည့်စုံ၍ သူတပါးတို့ကို သွန်သင်ခြင်းငှါ တတ်စွမ်းနိုင်သော သူတို့၌အပ်ပေးလော့***

၁။ တိမောသေသည် မိမိကိုယ်တိုင် ခံယူပြီးသောအရာတို့ကို သူတပါးအား လက်ဆင့်ကမ်း၍ အပ်နှံရမည်။

၂။ တစ်နည်းအားဖြင့် တိမောသေသည်လည်း ပေါလုကဲ့သို့ တပည့်များ မွေးထုတ်ရမည်။

၃။ မည်သို့သော သူများကို လက်ဆင့်ကမ်း၍ အပ်နှံရမည်နည်း၊

က။ သစ္စာနှင့် ပြည့်စုံသောသူ၊

ခ။ သူတစ်ပါးအား ပြန်၍ သွန်သင်နိုင်သောသူ၊

၄။ တိမောသေမှ တစ်ဆင့်ယုံကြည်၍ ပေါလု၏ သွန်သင်ချက်များဖြစ်သည်။ သူကိုယ်တိုင် ကြားပြီးသော ပေါလု၏ သွန်သင်ချက်များဖြစ်သည်။

၅။ ပေါလု၏ သွန်သင်ချက်များသည် ဝိညာဉ်တော်ဖွင့်ပြချက်များဖြစ်သည်။ (ဖေက် ၃း၃)

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၁၀)

## ခရစ်တော်၌ စစ်သူရဲကောင်း

***ထိုသို့အလိုငှါ သင်သည်၊ ယေရှုခရစ်ထံ၌ ကောင်းသော စစ်သူရဲကဲ့သို့၊ ဆင်း ရဲဒုက္ခကို သည်းခံလော့။- စစ်သူရဲမည်သည်ကား၊ မိမိကို စစ်သူရဲအရာ၌ ခန့်ထားသောသူကို နှစ်သက်စေခြင်းငှါ လောကီမှုရေး၌ ပြွမ်းနှော၍ရှုပ်ထွေးခြင်းကို ပယ်ရှားတတ်၏။***
***(၂တိ ၂း၃-၄)***

### ***ထိုသို့အလိုငှါ***

၁။ ဤစကားစုသည် အောက်ပါအချက်တို့ကို ဖော်ညွှန်းသည်။
  က။ ကျေးဇူးတော်၌ ခိုင်ခံ့နေရန်၊
  ခ။ မှန်သော သွန်သင်ချက်များကို သစ္စာရှိ၍ သူတစ်ပါးအား ထပ်ဆင့် သင်ပေးနိုင်သောသူတို့အား အပ်နှံရန်။ (၂တိ ၂း၁-၂)

၂။ ဤရည်ရွယ်ချက်နှစ်ခုကို ဆောင်ရွက်နိုင်ရန် တိမောသေအနေဖြင့် ဂရုပြု၍ ကြိုးစားရမည်။

### ***သင်သည် ယေရှုခရစ်ထံ၌ ကောင်းသောစစ်သူရဲကဲ့သို့. . .***

၁။ အဘယ်သို့ နေထိုင် အားထုတ်ကြိုးစားရမည်နည်း။

၂။ တိမောသေသည် ယေရှုခရစ်တော်၏ ကောင်းသော စစ်သူရဲကဲ့သို့ ကျင့်ကြံ ပြုမူရမည်။

၃။ တိမောသေသည် ကောင်းသောစစ်သူရဲကဲ့သို့ ‘ဆင်း ရဲဒုက္ခကို သည်းခံ’ ရမည်။
  က။ ‘ဆင်း ရဲဒုက္ခကို သည်းခံ’ (sugkakopatheo) သည်
    - sun (အတူတကွ)+ kakopatheo (ဆင်းရဲဒုက္ခ) ပေါင်းစပ်ထားသော စကားလုံးဖြစ်သည်။
    - ထို့ကြောင့် ဆင်းရဲဒုက္ခနှင့် အကျွမ်းတဝင် ဖြစ်နေခြင်းကို ဆိုလိုသည်။

၄။ ခရစ်တော်၏ ကောင်းသောစစ်သူရဲသည် ခရစ်တော်ကြောင့် ရင်ဆိုင်ရသော ဆင်းရဲဒုက္ခများနှင့် အကျွမ်းတဝင် ဖြစ်နေရမည်။ (မာကု ၁၃း၁၃)

***စစ်သူရဲမည်သည်ကား. . . ခန့်ထားသောသူကို နှစ်သက်စေခြင်းငှါ၊***

၁။ စစ်သူရဲ၌ တစ်ခုတည်းသော ရည်ရွယ်ချက်ပန်းတိုင် ရှိသည်။

၂။ ထိုရည်ရွယ်ချက်မှာ မိမိသခင်၏ သဘောကျ၊ အားရ နှစ်သက်ခြင်းကို ရရှိရန်သာဖြစ်သည်။

၃။ တိမောသေကို စစ်သားအဖြစ် ရွေးချယ်သောသူ၊ ခန့်ထားသောသူသည် သခင်ခရစ်တော်ဖြစ်သည်။

၄။ တိမောသေသည် ထိုသခင်ကို 'အားရနှစ်သက်စေခြင်းငှါ' ဟူ၍ ကျင့်ကြံအားထုတ်နေရမည်။

***လောကီမှုရေးနှင့် ပွမ်းနှောရှုပ်ထွေးခြင်းကို ပယ်ရှားတတ်၏***

၁။ သခင်ခရစ်တော်၏ အားရနှစ်သက်ခြင်းကို ရရှိရန် စစ်သူရဲကောင်းသည်

 က။ လောကီမှုရေး၌ ပါဝင်ရောနှောခြင်းမရှိရ။။

ခ။ လောကီမှု (လောကနှင့်ဆိုင်သောလုပ်ငန်း)များ၌ ကိုယ်တိုင်ပါဝင်ခြင်းမပြုရ။

၂။ တိမောသေသည် ခရစ်တော်၏ ကောင်းသောစစ်သူရဲဖြစ်သောကြောင့် အိမ်မှုကိစ္စများ၊ လောကီမှုရေးများနှင့် ရောနှောရှုပ်ထွေးခြင်းကို ပယ်ရှားတတ်ရမည်။

၃။ စစ်တိုက်ရန်အတွက် အမှုထမ်းနေရသော ကောင်းသောစစ်သူရဲပီပီ မိမိကို စစ်သူရဲကောင်းအရာ၌ ရွေးချယ်ခန့်ထားသောသူ၏ အစေကိုသာ ခံရမည်ဖြစ်သည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၁၁)

## သရဖူနှင့် အသီးအနှံ

*ပွဲ၌ လူချင်းတိုက်သောသူမည်သည်ကား၊ ထုံးတမ်းအတိုင်း မတိုက်လျှင် ပန်းဦးရစ်ကို မရ။ လယ်လုပ်သောသူသည်လည်း အရင်လုပ်ပြီးမှ အသီးအနှံကို ခံရမည်။*

*(၂တိ ၂း၅-၆)*

### *ပွဲ၌ လူချင်းတိုက်သောသူမည်ကား . . .*

၁။ 'ပွဲ' သည် အားကစားပြိုင်ပွဲကို ရည်ညွှန်းသည်။
၂။ 'လူချင်းတိုက်သောသူ' သည် -
  က။ ရှေးကာလက လူအချင်းချင်း တိုက်ခိုက်အနိုင်လုရသော ကစားပွဲမျိုးကို ဆိုလိုသည်။
  ခ။ တစ်နည်းအားဖြင့် ပြိုင်ပွဲဝင် ကစားသမားကို ဆိုလိုသည်။
၃။ သခင်ခရစ်တော်၏ အစေခံသည် -
  က။ ကောင်းသောစစ်သူရဲကဲ့သို့ လည်းကောင်း၊
  ခ။ ပြိုင်ပွဲဝင် သူရဲကောင်းကဲ့သို့ လည်းကောင်း ဖြစ်ရမည်။

### *ထုံးတမ်းအတိုင်းမတိုက်လျှင်. . .*

၁။ မည်သည့် ပြိုင်ပွဲနည်းမဆို စည်းမျဉ်းဘောင်ရှိစမြဲဖြစ်သည်။
၂။ ပြိုင်ပွဲဝင်သူတိုင်းသည် သတ်မှတ်ထားသော ပြိုင်ပွဲစည်းမျဉ်းများကို တစ်သဝေမတိမ်း လိုက်နာရမည်။
၃။ 'ထုံးတမ်း' ဆိုသည်မှာ ပြိုင်ပွဲစည်းမျဉ်းများဟု နားလည်ရမည်။
၄။ ပြိုင်ပွဲဝင်သူတိုင်းသည် စည်းမျဉ်း၊ စည်းကမ်းဘောင်အတွင်း၌ အပြိုင်အဆိုင် အနိုင်လုနေရကြရမည်။

၅။ သတ်မှတ်ထားသော စည်းမျဉ်းနှင့်အညီ အနိုင်ရသောသူသာ ပန်းဦးရစ် (သရဖူ) ရမည်ဖြစ်သည်။

***လယ်လုပ်သောသူသည်လည်း***

၁။ လယ်သမားကို ဆိုလိုသည်။

၂။ 'လုပ်သော' (kopiao)သည် ပင်ပန်းစွာ အလုပ်လုပ်သောဟု အနက်ဖွင့်ရမည်။

က။ ကိုယ်ခန္ဓာအားစိုက်ပြီး အလုပ်လုပ်သော၊

ခ။ ပင်ပန်းနွမ်းနယ်သည်အထိ လုပ်ကိုင်သော စသည်တို့ဖြစ်သည်။

၃။ တောင်သူလယ်သမားများသည် ချွေးဒီးဒီးကျသည်အထိ အလုပ်လုပ်ရပါသည်။

၄။ သခင်ခရစ်တော်၏ အစေခံကျွန်သည်လည်း အလွန်အလုပ် ကြိုးစားသော တောင်သူလယ်သမားများကဲ့သို့ ဖြစ်ရပါမည်။

***အရင်လုပ်ပြီးမှ အသီးအနှံကို ခံရမည်***

၁။ တောင်သူလယ်သမားများသည်

က။ ဇွဲလုံ့လဝီရိယ အပြည့်နှင့် အလုပ်လုပ်ရသည်။

ခ။ စိတ်ရှည်သည်းခံလျက် အလုပ်လုပ်ရသည်။

၂။ 'အနာမခံ၊ အသာမစံ' ဟူသော စကားနှင့်အညီ တောင်သူလယ်သမားများသည် ဦးစွာ ပင်ပန်းခံ လုပ်ဆောင်ပြီးမှ အချိန်တန်သောအခါ အသီးအနှံများကို စားသုံးရပါသည်။

၃။ ခံရ (metalambano)သည် -

က။ မျှဝေခံစားရခြင်း၊

ခ။ နောက်မှ ပါဝင်ခံစားရခြင်း ဟု အဓိပ္ပာယ်ရှိသည်။

၄။ တောင်သူလယ်သမားများသည် မိမိလုပ်ကိုင်ဆောင်ရွက်ခဲ့သော အကျိုးရလဒ်များကို (အချိန်တန်မှ) မျှဝေခံစားရသောသူများ ဖြစ်ကြသည်။

၅။ သခင်ယေရှု၏ အစေခံများသည် လယ်သမားကဲ့သို့ ခန္ဓာနှင့် စိတ် ပင်ပန်းသည်အထိ အမှုတော်မြတ်ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၁၂)

## ခရစ်တော်ကို အောက်မေ့လျက် ရှင်သန်ခြင်း

*ငါ့စကားကို ဆင်ခြင်လော့။ ထာဝရဘုရားသည် အရာအရာတို့၌ ဉာဏ်ကို သင့်အား ပေးသနားတော်မူပါစေသော။ ဒါဝိဒ်အမျိုး ဖြစ်သော ယေရှုခရစ်သည်၊ ငါဟောသောဧဝံဂေလိတရားအတိုင်း၊ သေခြင်းမှ ထမြောက်တော်မူသည်ဟု အောက်မေ့လော့။*

*(၂တိ ၂း၇-၈)*

### *ငါ့စကားကို ဆင်ခြင်လော့*

၁။ ဆင်ခြင် (ဂရိ- noeo) သည် -

က။ ဂရိ- nous (စိတ်) ဟူသော စကားလုံးမှ လာသည်။

ခ။ စိတ်အာရုံဖြင့် သုံးသပ်ခြင်း၊ မျှော်မှန်းခြင်း၊ စသည်တို့ဖြစ်သည်။

၂။ တိမောသေသည် ပေါလု၏ စကားများကို အမှန်ဆင်ခြင်ရမည်။

၃။ တိမောသေသည် ပေါလု၏စကားများကို အသေအချာ နားလည်ရမည်။

၄။ ဤသည်ကား တိမောသေ လိုက်နာရမည့် အချက်ဖြစ်သည်။

### *ထာဝရဘုရားသည်အရာရာတို့၌ ဉာဏ်ကို သင့်အား ပေးသနားတော်မူပါစေသော*

၁။ ဘုရားသခင်ကသာ မှန်သောဉာဏ်ကို ပေးနိုင်သည်။

၂။ ဉာဏ် (ဂရိ-sunesis) သည်

က။ (တစ်စုံတစ်ရာသည်) စိတ်ထဲ၌ အစီအစဉ်တကျ ရှိနေခြင်း၊

ခ။ လက်တွေ့ပိုင်းခြားနိုင်စွမ်း၊

ဂ။ ထိုးထွင်းသိမြင်နိုင်စွမ်း စသည်တို့ကို ဆိုလိုသည်။

၃။ အရာခပ်သိမ်းတို့ကို လက်တွေ့ကျကျ ထိုးထွင်းသိမြင်နိုင်စွမ်းသည် ဉာဏ် (ဂရိ-sunesis) ဖြစ်သည်။

၄။ တိမောသေသည် ပေါလု၏စကားများကို ဆင်ခြင်၍ နားလည်သောအခါ၊ ဘုရားသခင်သည် သူ့အား အရာရာကို ပိုင်းခြား၍ နားလည်နိုင်စွမ်း ပေးလိမ့်မည် ဖြစ်သည်။

## *ဒါဝိဒ်အမျိုးဖြစ်သော ယေရှုခရစ်သည်. . .*

၁။ ယေရှုခရစ်သည် ဒါဝိဒ်အမျိုးဖြစ်သည်။

က။ ပရောဖက်တို့၏ ဟောကြားချက်များပြည့်စုံနေခြင်းကို ပေါလုဝန်ခံခြင်း ဖြစ်သည်။

ခ။ သခင်ယေရှုသည် လူသားအမှန် ဖြစ်နေခြင်းကို ပေါလုဝန်ခံခြင်း ဖြစ်သည်။

၂။ သခင်ယေရှုသည် -

က။ ဓမ္မဟောင်းနှင့် ဓမ္မသစ်တို့၏ အချုပ်အခြာ ဖြစ်သည်။

ခ။ သခင်ယေရှုသည် အားလုံးမျှော်လင့်ထားသော မေရှိယကယ်တင်ရှင် (ခရစ်တော်) ဖြစ်သည်။

၃။ ပေါလု ဟောကြားသည်အတိုင်း (သမ္မာကျမ်းစာ၌ ဖော်ပြသည့်အတိုင်း)

က။ ခရစ်တော်သည် အကျွန်ုပ်တို့အပြစ်ကြောင့် အသေခံတော်မူသည်။

ခ။ သင်္ဂြိုဟ်ခြင်း ခံတော်မူသည်။

ဂ။ သုံးရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်တော်မူသည်။

(၁ ကော ၁၅း၃-၄)

၄။ ဤအချက်သည် ဧဝံဂေလိတရား၏ အနှစ် ဖြစ်သည်။ တိမောသေသည် ယင်းတရားအတိုင်း ယေရှုခရစ်သည် ‘သေခြင်းမှ ထမြောက်တော်မူသည်’ ဟု အစဉ်သတိရနေရမည်။

## *အောက်မေ့လော*

၁။ အောက်မေ့ (ဂရိ-mnemoneuo) သည်

က။ မှတ်ဉာဏ်မှ ဆွဲထုတ်၍ စားမြုံ့ပြန် ဆင်ခြင်ခြင်း၊

ခ။ သတိဖြင့် ပြန်လည်အောက်မေ့နေခြင်း၊

ဂ။ မမေ့မပျောက်အောင် မှတ်ဉာဏ်၌ စွဲလမ်းနေခြင်း၊ စသည်တို့ဖြစ်သည်။

၂။ သေခြင်းကို အောင်နိုင်သော သခင်ခရစ်တော်ကို အောက်မေ့နေခြင်းသည်
 က။ သေခြင်းမြစ်ကို ကျော်ဖြတ်သော မျှော်လင့်ခြင်း၊
 ခ။ လက်ရှိအခက်ခဲများကို ရင်ဆိုင်နိုင်သော အစွမ်းသတ္တိ၊
 ဂ။ ယုံကြည်ခြင်း၌ ကြံ့ကြံ့ခံ ရပ်တည်နိုင်ခြင်း၊
 ဃ။ ရရှိသော ကျေးဇူးတော်၌ ဆက်လက်ခိုင်ခံ့ခြင်း စသော အကျိုးကျေးဇူးများ ဖြစ်စေသည်။

၃။ သခင်ခရစ်တော်ကို စိတ်မျက်စိဖြင့် ကြည့်ကာ ကျေးဇူးတော်၌ ဆက်လက်ခိုင်ခံ့ကြပါစို့။ (ဟေဗြဲ ၁၂း၁-၃)

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၁၃)

## ယုံကြည်သူတို့အဖို့ ခံရသောဒုက္ခ

*ထိုတရားကြောင့် ငါသည် လူဆိုးကဲ့သို့ ချည်နှောင်ခြင်းတိုင်အောင် ဆင်းရဲဒုက္ခကို ခံရ၏။ သို့သော်လည်း ဘုရားသခင်၏နှုတ်ကပတ်တရားသည် ချည်နှောင်ခြင်းနှင့် ကင်းလွတ်၏။ ထို့ကြောင့် ရွေးကောက်တော်မူသော သူတို့သည်၊ ထာဝရဘုန်းအသရေနှင့်တကွ ယေရှုခရစ်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်စိမ့်သောငှါ၊ သူတို့အဘို့ အရာရာကို ငါသည်းခံရ၏။*

*(၂တိ ၂း၉-၁၀)*

***ထိုတရားကြောင့် . . .***

၁။ ပေါလု ဟောသောဧဝံဂေလိတရားကို ဆိုလိုသည်။

၂။ ထိုတရားအရ -

က။ သခင်ယေရှုသည် ကယ်တင်ရှင်ခရစ်တော်ဖြစ်သည်။

ခ။ လူသားတို့၏ အပြစ်အတွက် သခင်ခရစ်တော်သည် အသေခံသည်။

ဂ။ သင်္ဂြိုဟ်ခြင်းလည်း ခံရသည်။

ဃ။ သုံးရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်တော်မူသည်။

(၁ကော ၁၅း၁-၃)

၃။ ထိုတရားသည် သမ္မာကျမ်းစာနှင့် ညီသော တရားဖြစ်သည်။ သမ္မာကျမ်းစာ၏ အချုပ်အခြာဖြစ်သည်။

၄။ ထိုတရားကို အမှန်အကန် ခံယူခြင်း၊ ဝန်ခံခြင်းနှင့် ဖြန့်ဝေခြင်း အမှုတို့အတွက်-

က။ ကြီးမားသော အကျိုးရှိသည်။

ခ။ ကြီးမားသော အဖိုးအခလည်း ရှိသည်။

၅။ ပေါလုသည် ထိုတရား၏ အဖိုးအခကို ပေးဆပ်နေရသည်။ ထိုတရားကြောင့်

 က။ လူဆိုးကဲ့သို့ မှတ်ယူခြင်း ခံရသည်။

ခ။ ချည်နှောင်ခြင်း ခံနေရသည်။
ဂ။ ဆင်းရဲဒုက္ခလည်း ခံနေရသည်။

***သို့သော်လည်း. . . .***

၁။ ပေါလုကိုယ်တိုင် ချည်နှောင်ခြင်း ခံရသော်လည်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ချည်နှောင်ခြင်းနှင့် ကင်းလွတ်လျက်ရှိသည်။
၂။ ဆိုလိုသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်သည်
က။ အဘယ်သူမျှ ပိတ်ပင်တားဆီး၍ မနိုင်။
ခ။ မည်သည့်အရာနှင့်မျှ ချုပ်နှောင်ထား၍ မရနိုင်။
၃။ ဘုရားသခင်၏ နှုတ်ထွက်စကားများသည် နာခံသောသူတို့အား အကျိုးပေးလျက် ရှိသည်။ (မိက္ခာ ၂း၇၊ ဆာလံ ၁၉း၁၁)
၄။ ပေါလု ဟောပြောသော ဧဝံဂေလိတရားသည်
က။ ဆက်လက် ပြန့်နှံ့နေဦးမည် ဖြစ်သည်။
ခ။ ပြည့်စုံနေဦးမည် ဖြစ်သည်။ (ဟေရှာ ၅၅း၁၁)

***ထို့ကြောင့် ရွေးကောက်တော်မူသော သူတို့သည်. . .***

၁။ 'ရွေးကောက်တော်မူသောသူတို့' သည် ယုံကြည်သူများကို ဆိုလိုသည်။
၂။ ဘုရားသခင်သည် ယုံကြည်သူများကို ခရစ်တော်၌ -
က။ ရွေးကောက် (ဝါ) ခွဲခန့်မှတ်သားတော် မူသည်။
ခ။ ခေါ်တော်မူသည်။
ဂ။ ဖြောင့်မတ်စေတော်မူသည်။
ဃ။ ချီးမြှောက်တော်မူသည်။ (ရောမ ၈း၃၀)
၃။ ဘုရားသခင်သည် အကျွန်ုပ်တို့ကို ဘုန်းကြီးသော နှုတ်ကပတ်တော်ဖြင့် ခေါ်ဖိတ်တော်မူသည်။ (၁တိ ၁း၁၁)
၄။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထိုတရားတော်နှင့်အညီ အသက်ရှင်၍ ဘုန်းအသရေနှင့် ကယ်တင်ခြင်းသို့ ရောက်စိမ့်သောငှာ ဖြစ်သည်။

၅။ ထိုသို့ ယုံကြည်သူများ မရှက်မကြောက်ဘဲ ဧဝံဂေလိတရား၏ အဖိုးအခကို ပေးဆပ်ကြရန်။

က။ ပေါလုသည် ပုံသက်သေအဖြစ် အသက်ရှင်သည်။

ခ။ ပေါလုသည် ခေါင်းဆောင်ပီပီ တရား၏အဖိုးအခဖြစ်သော ဆင်းရဲဒုက္ခများကို စိတ်ရှည်စွာ သည်းခံနေရသည်။

၆။ ထို့ကြောင့် တစ်နေရာ၌ ပေါလုက အောက်ပါအတိုင်းဆို၏။

***ငါပေါလုသည် ထိုတရားကို ဟောသောဆရာဖြစ်သည်နှင့် သင်တို့အဘို့အလိုငှါ ဆင်းရဲခံခြင်း၌ ယခုဝမ်းမြောက်၍၊ ခရစ်တော်၏ ဆင်းရဲဒုက္ခအကြွင်းအကျန်ကို အသင်းတော်တည်းဟူသော ကိုယ်တော်အဘို့အလိုငှါ ငါ့ကိုယ်ခန္ဓာ၌ ပြည့်စုံစေ၏။***

***(ကော ၁း၂၄)***

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၁၄)

## သစ္စာစကား (၁+၂)

*သစ္စာစကားဟူမူကား၊ ထိုသခင်နှင့်အတူသေလျှင်၊ အတူရှင်လိမ့်မည်။-သည်းခံလျှင်၊ ထိုသခင်နှင့်အတူ စိုးစံလိမ့်မည်။ ထိုသခင်ကို ငါတို့သည် ငြင်းပယ်လျှင်၊ ငါတို့ကို ငြင်းပယ်တော်မူလိမ့်မည်။ (၂တိ ၂း၁၁-၁၂)*

***သစ္စာစကားဟူမူကား၊ ထိုသခင်နှင့်အတူသေလျှင် . . .***

၁။ 'သစ္စာစကား' သည် ယုံကြည်လက်ခံထိုက်သော စကားဖြစ်သည်။
  က။ မှန်သောစကား၊
  ခ။ ခံယူအပ်သော စကား၊

၂။ 'လျှင်' (ဂရိ-en) သည် အမှန်တကယ်ဖြစ်သည့် အရာကို ညွှန်းပြရာ၌ သုံးသော စကားဆက်ဖြစ်သည်။

၃။ ထိုသခင် (သခင်ယေရှုခရစ်တော်)နှင့် အတူသေလျှင်၊ အတူရှင်လိမ့်မည်မှာ မှန်သောစကားဖြစ်သည်။

၄။ အဘယ်သို့ သခင်ခရစ်တော်နှင့် အတူသေ၍၊ အတူရှင် မည်နည်း။
  က။ အပြစ်တရားနှင့် ဆိုင်သော အရာ၌ သေခြင်း၊
  ခ။ ဘုရားသခင်နှင့်ဆိုင်သော အရာ၌ ရှင်ခြင်း စသည်တို့ကို ဆိုလိုသည်။ (ရောမ ၆း၁၀-၁၁)

၅။ အပြစ်တရားနှင့်ဆိုင်သောအရာ၌ သေသောသူသည် အပြစ်ကို ဆက်လက်ကျူးလွန်မည် မဟုတ်။ ထို့အတူ၊ ဘုရားသခင်နှင့်ဆိုင်သောအရာ၌ရှင်သောသူသည် ဘုရားသခင်နှစ်သက်သော အရာတို့ကိုသာ ကြိုးစား၍ လုပ်ဆောင်သွားမည် ဖြစ်သည်။

***သည်းခံလျှင်၊ ထိုသခင်နှင့်အတူ စိုးစံလိမ့်မည်***

၁။ သည်းခံ (ဂရိ-hupomeno) သည် -

က။ ဆင်းရဲဒုက္ခများကို ကြံ့ကြံ့ခံနေခြင်း၊

ခ။ အခက်ခဲများကို မျှော်လင့်ခြင်းအပြည့်နှင့် ရင်ဆိုင်နေခြင်း စသည် တို့ဖြစ်သည်။

၂။ မိမိအပြစ်ကြောင့် မဟုတ်သော ဒုက္ခဆင်းရဲခြင်းအမျိုးမျိုးကို ယုံကြည်ခြင်း၊ ဇွဲလုံ့လဝီရိယနှင့် စိတ်ရှည်စွာ သည်းခံနေရမည်။ (ကော ၁း၂၄)

၃။ ထိုသို့ ခရစ်တော်နှင့် သူ၏အသင်းတော်အဖို့ ဒုက္ခဆင်းရဲခြင်းကို အမှန်ခံရသောသူသည် ခရစ်တော်နှင့်အတူ စိုးစံရမည်မှာ မှန်သောစကားဖြစ်သည်။

၄။ စိုးစံ (ဂရိ- sumbasileuo)သည် နိုင်ငံတော်ကို အတူ အုပ်ချုပ်ခြင်းဟု ဆိုရပေမည်။

၅။ ခရစ်တော်နှင့်အတူ ဒုက္ခဆင်းရဲကို အဆုံးထိ သည်းခံသောသူသည် ထိုသခင်နှင့်အတူ (ဘုရားသခင်၏နိုင်ငံတော်၌) အတူအုပ်စိုးရမည် ဖြစ်သည်။ (၁ကော ၆း၃၊ ဗျာဒိတ် ၂၀း၄-၆)

***ထိုသခင်ကို ငါတို့သည် ငြင်းပယ်လျှင်. . .***

၁။ ခရစ်တော်ကို ယုံကြည်ခဲ့သော်လည်း ငြင်းပယ်ခြင်းကို ဆိုလိုသည်။

၂။ သခင်ခရစ်တော်ကို သက်ဆုံးသည့်တိုင်အောင် သစ္စာမရှိခြင်းကို ဆိုလိုသည်။

၃။ သခင်ခရစ်တော်ကို အများတကာရှေ့ ဝန်မခံခြင်းကို ဆိုလိုသည်။

၄။ ထိုသို့ သခင်ခရစ်တော်ကို ငြင်းပယ်လျှင် ထိုသခင်က အကျွန်ုပ်တို့ကို ငြင်းပယ်လိမ့်မည်မှာ လုံးဝသေချာသည်။ (မဿဲ ၁၀း၃၃)

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၁၅)

## သစ္စာစကား (၃)

*ငါတို့သည် မယုံကြည်သော်လည်း၊ ထိုသခင်သည် သစ္စာတည်သဖြင့် ကိုယ်ကိုငြင်းပယ်တော် မမူနိုင်။*

*(၂ တိ ၂း၁၃)*

### *ငါတို့သည်*

၁။ 'ငါ့တို့' ၌  ရှင်ပေါလုနှင့် တိမောသေ ပါဝင်သည်။
၂။ 'ငါတို့' ၌ သည် ယုံကြည်သူများကို ရည်ညွှန်းသည်။

### *မယုံကြည်သော်လည်း*

၁။ ဤနေရာ၌ တွေ့ရသော 'မယုံကြည်' ခြင်းသည် -
  က။ အဆုံးထိ သည်းမခံနိုင်ခြင်း (သစ္စာစကား -၁) ကိုဆိုလိုနိုင်သည်။
  ခ။ သို့သော် ယုံကြည်ခြင်းလမ်းမှ လွဲသွားခြင်း (သစ္စာစကား-၂) ကိုမူ မဆိုလိုပါ။
၂။ ယခုအချိန်၌ -
  က။ အကျွန်ုပ်တို့သည် ဒုက္ခဆင်းရဲခြင်းကို အဆုံးထိ သည်းမခံနိုင်သော်လည်း (ဝါ)၊
  ခ။ အကျွန်ုပ်တို့သည် ဒုက္ခဆင်းရဲကြောင့် ယုံကြည်ခြင်းအားနည်းနေသော်လည်း ဟုဆိုလိုသည်။
၃။ ထိုသို့ သံသယရှိ၍၊ ယုံကြည်ခြင်းအားနည်းနေသောအခါ၊ အကျွန်ုပ်တို့၏ 'မယုံကြည်နိုင်ခြင်းကို မစတော်မူပါ' ဟု ဆုတောင်းရပေမည်။ (မာကု ၉း၂၄)

### *ထိုသခင်သည် သစ္စာတည်သဖြင့်*

၁။ ထိုသခင်သည် သခင်ခရစ်တော်ကို ရည်ညွှန်းသည်။
၂။ သခင်ခရစ်တော်သည်
  က။ သစ္စာတရားနှင့်ပြည့်စုံသည်။ (ယော ၁း၁၇)
  ခ။ သစ္စာတည်တော်မူသည်။
၃။ သစ္စာတည်နေခြင်းသည် သခင်ခရစ်တော်၏ မပြောင်းလဲသော ပင်ကို အရည်အချင်း ဖြစ်သည်။ ယင်းသည် ပြောင်းလဲဖောက်ပြန်ခြင်း မရှိ။

### *ကိုယ်ကိုငြင်းပယ်တော်မမူနိုင်*

၁။ သခင်ယေရှုခရစ်သည် ထာဝရ (မပြောင်းမလဲ) သစ္စာတည်သောသူ ဖြစ်သည်။
၂။ ထို့ကြောင့် သူသည် မိမိကိုယ်ကို ငြင်းပယ်တော် မမူနိုင်ချေ။
၃။ ထို့ကြောင့် သခင်ခရစ်တော်သည်
  က။ မိမိ၏ ပင်ကိုအရည်အချင်းကို ငြင်းပယ်၍ ဖောက်ပြန်ခြင်း မပြုနိုင်။
  ခ။ မိမိ ဖြစ်သည်အတိုင်း ဆက်လက်သစ္စာတည်နေမည် ဖြစ်သည်။
၄။ ဆိုလိုသည်မှာ -
  က။ ထိုသခင်ခရစ်တော်သည် ယုံကြည်ခြင်းအားနည်းသော အကျွန်ုပ်တို့ အပေါ်၌ ဆက်လက် သစ္စာရှိနေမည် ဖြစ်သည်။
  ခ။ ယုံကြည်ခြင်းအားနည်း၍ အခက်အခဲများကို သည်းမခံနိုင်သောအခါ ၌လည်း သခင်ယေရှုသည် အကျွန်ုပ်တို့ကို ငြင်းပယ်မည် မဟုတ်။ ဤသည်ကား ယုံကြည်လက်ခံရမည့် သစ္စာစကားဖြစ်သည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၁၆)

## ဘုရားသခင်မှ အတည်ပြုသောဆရာသမားအဖြစ် ဆက်သခြင်း

*ဤအကြောင်းအရာများကို သူတပါးတို့အား သတိပေးလော့။ အဘယ်အကျိုးကိုမျှ မပြုစု၊ ကြားနာသောသူတို့၏ စိတ်ကို မှောက်လှန်လိုသောငှါ၊ စကားကြောင့်သာ ငြင်းခုံခြင်းကို မပြုမည်အကြောင်း၊ သခင်ဘုရားရှေ့၌ သစ္စာပေးလော့။- သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊ ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှါ ကြိုးစားအားထုတ်လော့။*

*(၂တိ ၂း၁၄-၁၅)*

### *ဤအကြောင်းအရာများကို. . . သတိပေးလော့*

၁။ အထက်က ဖော်ပြထားသော သစ္စာစကား (၁-၂-၃) တို့ကို ရည်ညွှန်းသည်။

၂။ ၎င်းတို့မှာ -

ကျ။ ခရစ်တော်နှင့် အတူ သေလျှင် အတူရှင်ရလိမ့်မည်။

ခ။ ဒုက္ခဆင်းရဲခြင်းကို ခရစ်တော်နှင့်အတူ သည်းခံလျှင် သူနှင့်အတူ စိုးစံရလိမ့်မည်။

ဂ။ ထို့အပြင် ယုံကြည်ခြင်းအားနည်းသောအခါ၌လည်း၊ သခင်ခရစ်တော်သည် သစ္စာတည်သောကြောင့် အကျွန်ုပ်တို့ကို စွန့်ပယ်တော်မူမည်မဟုတ်၊ စသည်တို့ဖြစ်ကြသည်။

၃။ တိမောသေသည် ဤအချက်များကို သူတစ်ပါးအား သတိပေးရမည် ဖြစ်သည်။

၄။ သတိပေး (ဂရိ-hupomimnesko) သည် -

ကျ။ ပြန်လည်သတိရစေခြင်း၊

ခ။ အောက်မေ့စေခြင်း၊ စသည်တို့ဖြစ်သည်။

၅။ တိမောသေသည် အထက်ပါအချက်များကို သူတစ်ပါးတို့အား ပြန်၍သတိရ
အောင် လုပ်ပေးရမည် ဖြစ်သည်။

## *အဘယ်အကျိုးကိုမျှ မပြုစု. . . သစ္စာပေးလော့*

၁။ အချို့သောသူတို့သည် ငြင်းခုံခြင်းသာ ပြုတတ်ကြသည်။
၂။ စကားလုံးများကြောင့်သာ ငြင်းခုံနေခြင်းသည် -
   က။ မည်သည့်အကျိုးမျှ မပြုစုနိုင်။
   ခ။ ထိုငြင်းခုံခြင်းကို ကြားသောသူတို့အဖို့ မှောက်လှန်ခြင်းသာ ဖြစ်စေနိုင်သည်။
၃။ ထို့ကြောင့် အကျိုးမဲ့၊ အကြောင်းမဲ့၊ ငြင်းခုံနေခြင်းမျိုးကို ရှောင်ကြဉ်ကြရန် ဖြစ်သည်။
၄။ တိမောသေသည် ထိုအချက်ကို မပြုမိကြရန် သူတစ်ပါးတို့အား ပြင်းထန်စွာ တိုက်တွန်းရမည် ဖြစ်သည်။
၅။ သစ္စာပေး (ဂရိ-diamarturomai) သည် -
   က။ ခိုင်မာစွာ သက်သေခံခြင်း၊
   ခ။ ပြင်းထန်စွာ အမိန့်ပေးခြင်း စသည်တို့ဖြစ်သည်။
၆။ တိမောသေသည် သူတစ်ပါးတို့အား ယုံကြည်ခြင်းနှင့် စပ်လျဉ်း၍ အကျိုးမဲ့၊ အကြောင်းမဲ့ ပေါ့ပေါ့တန်တန် ငြင်းခုံနေခြင်းများကို လုံး၀ မပြုမိကြရန် ခိုင်မာစွာ သစ္စာဆိုစေမည် ဖြစ်သည်။
၇။ တိမောသေသည် ထိုသို့ သစ္စာပေးခြင်း၊ ပြင်းထန်စွာ တိုက်တွန်းခြင်းကို သခင်ဘုရားရှေ့၌ (သခင်ခရစ်တော်ကို တိုင်တည်ပြီး) လုပ်ဆောင်ရမည် ဖြစ်သည်။

## *သင်မှုကား. . . ကိုယ်ကိုကိုယ် ဆက်သခြင်းငှါ ကြိုးစားအားထုတ်လော့*

၁။ ၀န်ခံတော်မူသောသူ (ဂရိ- dokimos)သည် အတည်ပြုခံသောသူ ဟုပြန်ဆိုရမည်။
၂။ ရှက်ကြောက်စရာမရှိ (ဂရိ-anespaischuntos) သည် ရှက်ကြောက်စရာ အကြောင်းမရှိသည်ကို ဆိုလိုသည်။

၃။ မှန်ကန်စွာ ပိုင်းခြား (ဂရိ-orthotomeo) သည် ဖြောင့်တန်းစွာ လှီးဖြတ်၊ ပိုင်းဖြတ်သည် ကို ဆိုလိုသည်။
၄။ ဆက်သ (ဂရိ-paristemi) သည် ရှေ့ (ဝါ) ဘေး၌ ရပ်၍ အစစ်ဆေးခံသည် ကိုဆိုလိုသည်။
၅။ တစ်နည်းအားဖြင့်ဆိုသော် တိမောသေ သည် မိမိကိုယ်ကို ဘုရားသခင်အထံ တော်၌ အောက်ပါအတိုင်း ဆက်သရမည်။

က။ ဘုရားသခင်က လက်ခံအတည်ပြုထားသောသူ၊

ခ။ အရှက်ကွဲစရာ အကြောင်းမရှိသော တပည့်တော်၊

ဂ။ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမား၊

၆။ ဤသို့ ဆက်သခြင်းကို တိမောသေသည် ဖွဲ့လုံ့လအပြည့်နှင့် ကြိုးစား၍ လုပ်ဆောင်ရမည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၁၇)

## ရှောင်ရမည့် စကား

***တရားမဲ့ဖြစ်သော အချည်းနှီးစကားကိုရှောင်လော့။ အကြောင်းမူကား၊ ထိုစကားသည် မတရားသောအမှုတို့ကို ပွားများစေလိမ့်မည်။- သူတို့၏စကားသည် ခူနာကဲ့သို့ စားလိမ့်မည်။ ထိုသူတို့တွင် ဟုမေနဲနှင့် ဖိလက်ပါသတည်း။ (၂တိ ၂း၁၆-၁၇)***

***တရားမဲ့ဖြစ်သော အချည်းနှီးစကားများ. . .***

၁။ တရားမဲ့ (ဂရိ-bebelos) သည် -

က။ လောကီဆန်သော၊

ခ။ တရားနှင့်မညီသော၊

ဂ။ မသန့်ရှင်းသော ဟုနားလည်ရမည်။

၂။ အချည်းနှီးစကား (ဂရိ- kenophonia) သည်

က။ ဗလာဖြစ်သော အသံ၊

ခ။ အဓိပ္ပာယ်မရှိသော ဆွေးနွေးခြင်း၊

ဂ။ အကျိုးမရှိသော စကား ဟုနားလည်ရမည်။

၃။ ရှောင်(ဂရိ-periistemi) သည် -

က။ ရှောင်လွှဲခြင်း၊

ခ။ ဘေးထွက် ရှောင်ခြင်း စသည်ဖြင့် နားလည်ရမည်။

၄။ တိမောသေသည် -

က။ တရားနှင့် မညီသော စကားများ၊

ခ။ မသန့်ရှင်းသော စကားများ၊

ဂ။ အကျိုးမရှိသော စကားများကို ရှောင်နေရမည် ဖြစ်သည်။

## ***အကြောင်းမူကား၊ ထိုစကားသည်. . .***

၁။ 'အကြောင်းမူကား' သည် -

က။ အကျိုးနှင့် အကြောင်းကို ဆက်စပ်ပေးသည်။

ခ။ ပထမဝါကျ၏ အကြောင်းတရားကို ဒုတိယဝါကျ၌ ဖော်ပြပေးသည်။

၂။ တရားမဲ့ဖြစ်သော အချည်းနှီးစကားကို ရှောင်ရခြင်း၏ အကြောင်းရင်းကို ဖော်ပြသည်။

၃။ ထိုစကားသည် မတရားသောအမှုတို့ကို ပွားများစေလိမ့်မည်။

က။ မတရားသောအမှု (ဂရိ- asebeia) သည်

- ဘုရားတရားမကိုင်းရှိုင်းခြင်း၊
- ကောက်ကျစ်ဆိုးယုတ်ခြင်းတို့ကို ဆိုလိုသည်။

ခ။ ပွားများစေ (ဂရိ-prokopto) သည် -

- လမ်းရှင်းလျှက် ရှေ့ခရီးဆက်ခြင်း၊
- အရွယ်ရောက် ရင့်မာလာခြင်း စသည်တို့ကို ဆိုလိုသည်။
- 'အနာဂတ်ကာလ' ဖြင့်လည်း ရေးသားထားသည်။

၄။ ထိုတရားမဲ့ဖြစ်သော အချည်းနှီးစကားကို မရှောင်ပါက -

က။ ထိုစကားတို့သည် 'ချဲ့ကား' လာလိမ့်မည်။ ဆိုလိုသည်မှာ တရားမဲ့သော အမှုကိစ္စ ဖြစ်ပွားသည်အထိ ရှင်သန်ကြီးထွား (ချဲ့ကား) သွားလိမ့်မည် ဖြစ်သည်။

ခ။ ထိုစကားတို့ကို မရှောင်ဘဲ ပြောသောသူသည်လည်း နောက်ဆုံး၌ ကောက်ကျစ်ယုတ်မာသောသူ ဖြစ်လာလိမ့်မည်။

ဂ။ ဤအချက်တို့သည် မဖြစ်မနေ ဖြစ်ပေါ်လာမည့် အကျိုးဆက်များဖြစ်ကြသည်။

## ***သူတို့၏ စကားသည် ခူနာကဲ့သို့. . .***

၁။ ပြောထွက်လိုက်သည့် မတရားသော၊ မသန့်ရှင်းသော၊ အချည်းနှီးသော စကားများသည် -

က။ ခူနာကဲ့သို့ ဖြစ်သည်။

ခ။ ကင်ဆာ ရောဂါ ကဲ့သို့ ဖြစ်သည်။

၈။ ဆိုလိုသည်မှာ ဆက်လက်ပြန့်ပွား၍ လူကို (ပြောသောသူနှင့် နားထောင်သောသူ) ဒုက္ခပင်လယ်ထဲသို့ တွန်းချတတ်သည်။

၂။ အသက်ရှင်လျက် ရှိသော ပုံသက်သေများလည်း ရှိသည်။

(ရှင်ပေါလုခေတ်ကာလ၌)

၃။ ၎င်းတို့မှာ - ဟုမေနဲနှင့် ဖိလက် တို့ဖြစ်ကြသည်။

၄။ ယခုခေတ်မှာလည်း မဆင်မခြင် စကားပြောတတ်ခြင်း၊ မသန့်ရှင်း၊ အကျိုးမရှိသော စကားများကို မရှောင်ဘဲ၊ ပေါ့ပျက်ဆိုးညစ်သောစကားများပြောဆိုနေကြသောကြောင့် ဒုက္ခရောက်သောသူများစွာ ရှိနေမည်ဖြစ်သည်။

၅။ တိမောသေကဲ့သို့ ပေါလု၏ သတိပေးချက်ကို တစ်သဝေမတိမ်း လိုက်နာကြပါစို့။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၁၈)

## ခိုင်ခံ့၍ တည်နေခြင်း

*သူတို့က၊ သေလွန်သော သူတို့သည် ထမြောက်ကြပြီဟု ပြော လျက်၊ သမ္မာတရား လမ်းမှလွဲသွား၍၊ အချို့သောသူတို့၏ ယုံကြည်ခြင်းကို မှောက်လှန်တတ်ကြ၏။- သို့သော်လည်း၊ သခင် ဘုရားသည် မိမိလူတို့ကို သိကျွမ်းတော်မူ၏ဟူ၍၎င်း၊ သခင်ဘုရား ၏ နာမတော်ကို ဝန်ခံသောသူမည်သည်ကား၊ မတရားသောအမှု ကို ရှောင်ရမည်ဟူ၍၎င်း၊ တံဆိပ်ခတ်လျက်ရှိသော ဘုရားသခင် ၏တိုက်မြစ်သည် ခိုင်ခံ့၍တည်၏။ (၂တိ ၂း၁၈-၁၉)*

### *သူတို့က. . . မှောက်လှန်တတ်ကြ၏*

၁။ 'သူတို့' သည် တရားမဲ့ဖြစ်သော၊ အချည်းနှီးဖြစ်သော စကားကို ပြောဆိုတတ်သောသူများ ကို ရည်ညွှန်းသည်။ (၂တိ ၂း၁၆-၁၇)

၂။ သူတို့သည် မှန်သောတရားကို မဟုတ်မမှန် အသုံးချတတ်ကြသည်။

က။ ရှင်ပြန်ထမြောက်ခြင်း အကြောင်းကို ပြောကြသည်။

ခ။ သို့သော် သေလွန်သောသူများသည် 'ထမြောက်ကြပြီဟု' ဟုဆိုကြသည်။

ဂ။ ဤသည်ကား မှားသောသွန်သင်ချက် ဖြစ်သည်။

၃။ ဤသို့ မမှန်မကန်သွန်သင်ခြင်းအားဖြင့် အချို့သောသူတို့၏ ယုံကြည်ခြင်းကို-

က။ မှောက်လှန်တတ်ကြသည်။

ခ။ ဖျက်ဆီးတတ်ကြသည်။

### *သို့သော်လည်း. . . ခိုင်ခံ့၍တည်၏*

၁။ မည်သို့ပင် မိစ္ဆာဝါဒကို ကြားမိစေကာမူ စစ်မှန်သော ယုံကြည်သူတို့သည် ယုံကြည်ခြင်း၌ ခိုင်ခံ့နေကြမည် ဖြစ်သည်။

၂။ အကြောင်းရင်းမှာ-

က။ ဘုရားသခင်သည် မိမိလူတို့ကို သိကျွမ်းတော်မူ၏။

ခ။ ဘုရားသခင်၏နာမတော်ကို အမှန်ဝန်ခံသောသူသည် မတရားသော အမှုကို ရှောင်လိမ့်မည်။

ဂ။ တံဆိပ်ခတ်လျက် ရှိသော ဘုရားသခင်၏တိုက်မြစ် ဖြစ်ကြသည်။

၃။ ဘုရားသခင်သည် မိမိလူတို့ကို သိကျွမ်းတော်မူသောကြောင့်၊ (ဆာလံ ၃၄)

က။ ဆုတောင်းသောအခါ နားထောင်သည်။

ခ။ ဒုက္ခရောက်သောအခါ ကယ်လွှတ်မည်။

ဂ။ အနီးနားမှာ နေ၍ မ စ မည်။

ဃ။ အစဉ်အမြဲ စောင့်ရှောက်နေမည်။

၄။ သခင်ဘုရား၏ နာမတော်ကို ဝန်ခံသောသူသည် -

က။ ခရစ်တော်ကို ယုံကြည်လက်ခံသောသူ၊

ခ။ ခရစ်တော်၏နာမအားဖြင့် သမုတ်ခြင်းခံရသောသူ၊

ဂ။ ခရစ်တော်၏ သွန်သင်ချက်နှင့်အညီ မတရားမှုများကို ရှောင်သောသူ၊

၅။ တံဆိပ်ခတ်လျက်ရှိသော ဘုရားသခင်၏တိုက်မြစ် -

က။ ဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်းကို ခံရသောသူများ၊

ခ။ ဝိညာဉ်ဗိမာန်တော်၏ အစိတ်အပိုင်းအဖြစ် ဘုရားသခင် ကိုယ်တိုင် တည်ဆောက်သောသူများ၊

ဂ။ ဘုရားသခင်၏ဗိမာန်တော်၌ အသုံးပြုရသော အသက်ရှင်သော ကျောက်တုံးများ။

***ခိုင်ခံ့၍တည်၏***

၁။ တည် (ဂရိ-histemi) ကို 'ဖြစ်ပြီးကာလပြ' ဖြင့် ရေးသားသည်။

၂။ ခိုင်ခံ့ ( ဂရိ- stereos)ကို 'တည်ခဲ့ပြီးပြီ' နှင့် ပူးပေါင်း၍ အနက်ဖွင့်ဆိုရသည်။

၃။ ထို့ကြောင့် -

က။ အစပြုချိန်ကပင် ခိုင်ခံ့စွာ တည်ခဲ့သည်။

ခ။ လက်ရှိအချိန်တွင်လည်း ခိုင်ခံ့လျက် ရှိနေသည်။

ဂ။ နောက်နောင်၌လည်း ဆက်လက်ပြီး ခိုင်ခံ့စွာ တည်သွားမည်ဖြစ်သည်။

၃။ 'အစကောင်းမှ အနှောင်းသေချာ' ဆိုသကဲ့သို့ ကောင်းမွန်စွာ တည်ဆောက်ပြီးသော အုတ်မြစ် (တိုက်မြစ်)သည် ဆက်လက်ပြီး ခိုင်ခံ့စွာ တည်ရှိသွားမည် ဖြစ်သည်။

၄။ ဘုရားသခင်ပြုသောအမှုတို့သည် ထာဝရတည်ကြသည်။ (ဒေသနာ ၃း၁၄)

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၁၉)

## သန့်ရှင်းသော တန်ဆာ

*ကြီးစွာသောအိမ်၌ ရွှေတန်ဆာ၊ ငွေတန်ဆာသာရှိသည်မဟုတ်၊ သစ်သားတန်ဆာ၊ မြေတန်ဆာရှိ၏။ အသရေရှိသောတန်ဆာ၊ အသရေမရှိသောတန်ဆာရှိ၏။- သို့ဖြစ်၍၊ အထက်ဆိုခဲ့ပြီးသော အကျင့်တို့ကိုပယ်၍၊ မိမိကိုစင်ကြယ်စေ သောသူမည်သည်ကား၊ အသရေရှိသောတန်ဆာ၊ သန့်ရှင်း၍ အိမ်ရှင်သုံးစရာကောင်း သောတန်ဆာ၊ ကောင်းသောအမှုများအဘို့အလို့ငှါ ပြင်ဆင်သော တန်ဆာဖြစ်လိမ့်မည်။ (၂တိ ၂း၂၀-၂၁)*

### *ကြီးစွာသောအိမ်၌ ရွှေတန်ဆာ. . .*

၁။ 'ကြီးစွာသောအိမ်' သည် -

ကျ။ ဘုရားသခင်၏အိမ်တော်၊

ခ။ သခင်ဘုရား၏ အသင်းတော်ကို ဆိုလိုသည်။

၂။ ဘုရားသခင်၏ အိမ်တော်၌ များစွာသောတန်ဆာများ ရှိကြသည်။

က။ ရွှေတန်ဆာ၊

ခ။ ငွေတန်ဆာ၊

ဂ။ သစ်သားတန်ဆာ၊

ဃ။ မြေတန်ဆာ၊

င။ အသရေရှိသောတန်ဆာ၊

စ။ အသရေမရှိသောတန်ဆာ။

### *သို့ဖြစ်၍၊ အထက်ဆိုခဲ့ပြီးသောအကျင့်တို့ကိုပယ်၍. . .*

၁။ တန်ဆာအမျိုးအစား (kinds of) -

က။ ရွှေ၊

ခ။ ငွေ၊
ဂ။ သစ်သား၊
ဃ။ မြေ၊ စသည်တို့သည် ဘုရားသခင်အခွင့်ပေးသည့်အတိုင်းသာ ဖြစ်တည်ကြသည်။ အကျွန်ုပ်တို့ ရွေးချယ်ပိုင်သော အရာမဟုတ်။

၂။ အရေးကြီးသည်မှာ အသရေရှိသော တန်ဆာဖြစ်ရန်ပင် ဖြစ်သည်။

၃။ အသရေရှိသောတန်ဆာဖြစ်လိုလျှင် မကောင်းသော၊ မတရားသောအကျင်တို့ကို စွန့်ပစ်ရမည်။
က။ မိမိစိတ်နှလုံးကို သန့်ရှင်းစေရမည်၊
ခ။ မိမိစိတ်နှလုံးကို စင်ကြယ်အောင်လုပ်ရမည်။
ဂ။ မိမိစိတ်နှလုံးကို ဆေးကြောရမည် (ekkathairo)။

၄။ သို့မှသာ -
က။ အသရေရှိသော တန်ဆာ၊
ခ။ သန့်ရှင်း၍ (hagiazo-သန့်ရှင်းသောအရာအဖြစ် မှတ်ယူခြင်းကို ခံရ၍) အသုံးပြုနိုင်သော တန်ဆာ၊
ဂ။ အိမ်ရှင် သုံးစရာကောင်းသောတန်ဆာ ဖြစ်လာမည် ဖြစ်သည်။

**ကောင်းသောအမှုများအဘို့အလိုငှါ. . .**

၁။ မိမိစိတ်နှလုံးကို ဆေးကြော၍ သန့်ရှင်းစွာ ကျင့်သောသူသည် -
က။ သန့်ရှင်းစင်ကြယ်ခြင်းကို ခံရသောသူ၊
ခ။ ကောင်းသောအမှုများအတွက် ပြင်ဆင်ခြင်းကို ခံရသောသူ ဖြစ်သည်။

၂။ ကောင်းသောအမှုများအတွက် ဘုရားသခင်ကိုယ်တိုင် ပြင်ဆင်ထားသောသူသည် -
က။ ကောင်းသောအရာများကို လုပ်ဆောင်ရသောအခွင့် ရလာလိမ့်မည်။
ခ။ကောင်းသောအမှုများကို ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်နိုင်လိမ့်မည်။
ဂ။ အကျွန်ုပ်တို့သည် ခရစ်တော်၌ ကောင်းသောအမှုတို့အတွက် ဘုရားသခင်ပြင်ဆင်ထားသော သူများဖြစ်ကြသည်။ (ဧဖက် ၂း၁၀)

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၂၀)

## မှီအောင်လိုက်ရမည့်အရာများ

*လူပျိုတို့၏ တပ်မက်ခြင်း ကိလေသာစိတ်ကို ကြဉ်ရှောင်လော့။ ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ ချစ်ခြင်း၊ စင်ကြယ်သောစိတ်ရှိ၍၊ သခင်ဘုရားကို ပဌနာပြုသောသူတို့နှင့် အသင့်အတင့်နေခြင်းတို့ကို မှီအောင်လိုက်လော့။- မိုက်မဲ၍ ပညာကင်းသော ပုစ္ဆာအမေး တို့သည် ရန်ပွားစေတတ်သည်ဟု သိမှတ်၍ ပယ်ရှားလော့။*

*(၂တိ ၂း၂၂-၂၃)*

***ရှောင်ရမည့်အရာများ***

၁။ လူပျိုတို့၏ တပ်မက်ခြင်း ကိလေသာစိတ်

၂။ မိုက်မဲသော မေးခွန်းများ၊

၃။ ပညာကင်းသော စိတ်ကူးအတွေးများ၊

နံပါတ် (၂ နှင့် ၃) တို့သည် ရန်ပွားခြင်းကို ဖြစ်စေတတ်သည်။

အဘယ်သို့ ရှောင်ရမည်နည်း။

က။ ထိုအမှုအရာများမှ ဝေးရာသို့ (ဂရိ- pheugo) ရှောင်ရမည်။

ခ။ ထိုအရာများကို ပယ်ချ၍ (ဂရိ-paraiteomai) ရှောင်ရမည်။

ဂ။ အထက်ဖော်ပြထားသော အရာများကို တိမောသေသည် လုံးဝ ရှောင်ရမည်။

***ဆောင်ရမည့်အရာများ***

၁။ ဖြောင့်မတ်ခြင်း၊

၂။ ယုံကြည်ခြင်း (ဝါ) သစ္စာရှိခြင်း၊

၃။ ချစ်ခြင်း၊

၄။ စင်ကြယ်သောစိတ်ထား၊
၅။ ယုံကြည်သူများနှင့် ငြိမ်းချမ်းစွာ နေထိုင်ခြင်း၊

***အဘယ်သို့ ဆောင်ရမည်နည်း***

၁။ လက်ရ ဖမ်းမိ (ဂရိ-dioko)သည်အထိ လိုက်ရှာရမည်။
၂။ ထိုအရာများ၏ နောက်ကို တကောက်ကောက် မှီအောင်လိုက်ရမည်။
၃။ ထိုအရာများကို တိမောသေသည် တဖြည်းဖြည်းချင်း မပျက်မကွက် ကြိုးစား၍ လက်တွေ့ဖော်ဆောင်ခြင်းဖြင့် လုပ်ဆောင်နေရမည် ဖြစ်သည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၂၁)

## သခင်ဘုရား၏ကျွန် နှင့် မာရ်နတ်ဖမ်းမိသောသူတို့

*သခင်ဘုရား၏ ကျွန်သည် ရန်မတွေ့ရ၊ ခပ်သိမ်းသောသူတို့အား ဖြည်းညင်းစွာပြုသောသူ၊ ဆုံးမသြဝါဒပေးခြင်း အမှု၌ လိမ္မာသောသူ၊ သည်းခံနိုင်သောသူဖြစ်ရမည်။-ဆီးတားငြင်းခုံသော သူတို့ကို နူးညံ့သိမ်မွေ့စွာ ဆုံးမရမည်။ သမ္မာတရားကို ဝန်ခံခြင်း အလိုငှါ၊ နောင်တကို ဘုရားသခင်ပေးကောင်းပေးတော်မူ၍၊ မာရ်နတ်၏အလိုအတိုင်း ဖမ်းမိသောထိုသူတို့သည် သတိရ၍၊ ထိုဖမ်းမိရာမှ လွတ်ခြင်းသို့ ရောက်ကောင်းရောက်ကြလိမ့်မည်။*
*(၂တိ ၂း၂၄-၂၆)*

**သခင်ဘုရား၏ ကျွန်သည်. . .**

၁။ သူတစ်ပါးအား ရန်မပြုတတ်သောသူ (ဝါ) ရန်ပြုခြင်းကို မစွမ်းဆောင်နိုင်သောသူ၊
၂။ သူတစ်ပါးအား ဖြည်းညင်းစွာပြုသောသူ (ဝါ) ယဉ်ကျေးသိမ်မွေ့သောသူ
၃။ ဆုံးမသြဝါဒပေးခြင်းအမှု၌ လိမ္မာသောသူသော (ဝါ) ဆုံးမသွန်သင်တတ်သောသူ၊
၄။ သည်းခံစိတ်ရှည်သောသူ၊
၅။ ဆီးတားငြင်းခုံသောသူတို့ကို နူးညံ့သိမ်မွေ့စွာ ဆုံးမတတ်သောသူ စသည်တို့ဖြစ်ရမည်။

**သမ္မာတရားကို ဝန်ခံခြင်းအလိုငှါ. . .**

၁။ စိတ်ရှည်သည်းခံ၍ နူးညံ့သိမ်မွေ့စွာ ဆုံးမခြင်းသည် လက်မလျှော့သော မျှော်လင့်ခြင်းကြောင့်ဖြစ်သည်။

၂။ သခင်ဘုရား၏ ကျွန်သည် အောက်ပါအတိုင်း မျှော်လင့်ခြင်း ရှိနေရမည်
- က။ ငြင်းခုံ၍ မှားသောသူတို့သည် သမ္မာတရားကို ဝန်ခံလာနိုင်သည်။
- ခ။ ဘုရားသခင်သည်လည်း ထိုသူတို့အား နောင်တကို ပေးသနားတော်မူနိုင်သည်။
- ဂ။ လမ်းမှားသောသူတို့သည် မာရ်နတ်၏ ဖမ်းမိခြင်းမှ သတိရ၍ ပြန်ထွက်လာနိုင်သည်။

၃။ သခင်ဘုရား၏ကျွန်သည် ဘုရားသခင်၏ သားသမီးများနှင့်သာ ဆက်ဆံရသည်မဟုတ်။ ဘုရားသခင်၏ အစေခံကျွန်တို့သည် မာရ်နတ်ဖမ်းမိသောသူတို့နှင့်လည်း ဆက်ဆံနေရသည်။ သတိဝီရိယနှင့် ဆုံးမသွန်သင်၍ ဘုရားသခင်၏ သနားခြင်းကရုဏာကို မျှော်ကိုးနေရမည်ဖြစ်သည်။

၄။ တိမောသေသည် သခင်ဘုရား၏ (ထိုကဲ့သို့သော) ကျွန်ဖြစ်သည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၂၂)

## နောင်ကာလ၏ လက္ခဏာများ (၁)

*နောင်ကာလသည် ခဲယဉ်းသောကာလဖြစ်မည်ဟု သိမှတ်လော့။ အဘယ်သို့ နည်းဟူမူကား၊- လူတို့သည် ကိုယ်ကိုကိုယ်ချစ်သောသူ၊ ငွေကိုတပ်မက်သောသူ၊ ဝါကြွားသောသူ၊ ထောင်လွှားစော်ကားသောသူ၊ သူ့အသရေကိုရှုတ်ချသောသူ၊ မိဘစကားကို နားမထောင်သောသူ၊ ကျေးဇူးမရှိသောသူ၊ သန့်ရှင်းခြင်းမရှိသောသူ၊-*

*(၂တိ ၃း၁-၂)*

***နောင်ကာလသည်. . .***

၁။ နောက်ဆုံးသောကာလဟုလည်း နားလည်ရမည် ဖြစ်သည်။

၂။ နောက်ဆုံးသောကာလသည် (ဂရိ-chalepos-ခဲယဉ်းသော)

က။ ခက်ခဲသောကာလ၊

ခ။ ဒုက္ခများသောကာလ၊

ဂ။ (လူတို့) အားနည်းကြသောကာလ ဖြစ်မည်။

၃။ ထိုအချက်ကို (ဂရိ-ginosko) သိမှတ်ရမည် ဖြစ်သည်။

***လူတို့သည်. . .***

၁။ နောက်ဆုံးသောကာလ ဖြစ်သည်ကို အသေအချာ သိမှတ်နိုင်သော နည်းရှိသည်။

၂။ ယင်းသည် လူများတို့အား လေ့လာသုံးသပ်ခြင်း ဖြစ်သည်။

၃။ လူတို့သည် အကျင့်သီလ၌ နည်းမျိုးစုံဖြင့် ဆုတ်ယုတ်သွားကြလိမ့်မည်။

၄။ ဤအချက်သည်ကား နောက်ဆုံးသောကာလ၏ အရိပ်အမြွက်ဖြစ်သည်။

***လူတို့သည် ကိုယ်ကိုကိုယ်ချစ်သောသူ. . .***

၁။ နောက်ဆုံးသောကာလ၌ အကျင့်စရိုက်ပျက်သော လူအမျိုးမျိုးပေါ်ပေါက်လာလိမ့်မည်။

က။ မိမိကိုယ်ကို ချစ်သောသူ၊

ခ။ ငွေကိုသာ တပ်မက်သောသူ (ချစ်သောသူ)၊

ဂ။ ဝါကြွားသောသူ၊

ဃ။ ထောင်လွှားစော်ကားသောသူ (မာနကြီးစိတ်ကြီးဝင်သောသူ)၊

င။ သူ့အသရေကို ရှုတ်ချသောသူ (သူတစ်ပါး မကောင်းကြောင်းကို ဖြန့်ဝေတတ်သောသူ)၊

စ။ မိဘစကားကို နားမထောင်သောသူ၊

ဆ။ ကျေးဇူးကန်းသောသူ (ကျေးဇူးတရားကို နားမလည်၊ မတုံ့ပြန်သောသူ)၊

ဇ။ မသန့်ရှင်းသောသူ (ကောက်ကျစ်သောသူ)၊

၂။ ဤကဲ့သို့သော လူများနှင့် ဆက်ဆံနေရခြင်းသည် အလွန်ပင်ခက်ခဲမည်ဖြစ်သည်။ ဤသည်ကား နောင်ကာလ၏ လက္ခဏာ တစ်ခုပင် ဖြစ်သည်။

၃။ ထိုကဲ့သို့သောလူတို့ကို အကျွန်ုပ်တို့သည် ရှောင်ကြရမည်ဖြစ်သည်။

(၂တိ ၃း၅)

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၂၃)

## နောင်ကာလ၏ လက္ခဏာများ (၂)

*ပကတိကြင်နာစုံမက်ခြင်းနှင့် ကင်းသောသူ၊ ရန်ငြိုးဖွဲ့သောသူ၊ ချောစားတတ်သောသူ၊ ကိုယ်ဣန္ဒြေကို မချုပ်တည်းနိုင်သောသူ၊ ပြင်းထန်သောသူ၊ သူတော်ကောင်းကို မုန်းသောသူ၊-သစ္စာကို ဖျက်တတ်သောသူ၊ သတိပေးခြင်းကို မခံသောသူ၊ မာန်မာနနှင့် ယစ်မူးသောသူ၊ ဘုရားသခင်ကိုနှစ်သက်သည်ထက် ကာမဂုဏ် ခံစားခြင်းကို သာ၍နှစ်သက်သောသူ၊ ဘုရားဝတ်၌ မွေ့လျော် ယောင်ဆောင်၍၊- မွေ့လျော်ခြင်းတန်ခိုးကို ငြင်းပယ်သောသူ ဖြစ်ကြလိမ့်မည်။ ထိုသူတို့ကို ရှောင်လော့။*

*(၂တိ ၃း၃-၅)*

***နောင်ကာလ၌ တွေ့မြင်ကြရမည့် အကျင့်စရိုက်များမှာ-***

၁။ ပကတိကြင်နာစုံမက်ခြင်းနှင့် ကင်းသောသူ၊
(ကြင်နာယုယခြင်း ကင်းမဲ့သောသူ ဟုလည်းနားလည်ရမည်)။

၂။ ရန်ငြိုးဖွဲ့သောသူ၊
(မကျေအေးတတ်သောသူ (ရန်လိုတတ်သောသူ) ဟုလည်းနားလည်ရမည်)။

၃။ ချောစားတတ်သောသူ၊
(မဟုတ်မမှန်ပြော၍ လှည့်ဖြားတတ်သောသူကို ရည်ညွှန်းသည်)။

၄။ ကိုယ်ဣန္ဒြေကို မချုပ်တည်းနိုင်သောသူ၊
(မိမိဆန္ဒကို မထိန်းချုပ်နိုင်သောသူ ဟုနားလည်ရမည်)။

၅။ ပြင်းထန်သောသူ (ဝါ) ကြမ်းကြုတ်သောသူ

၆။ သူတော်ကောင်းကို မုန်းသောသူ၊
(ကောင်းသောသူများကို အထင်သေးသောသူ၊ ကောင်းသောအရာများကို မနှစ်သက်သောသူ ဟုလည်းနားလည်နိုင်ပေသည်)။

၇။ သစ္စာကို ဖျက်တတ်သောသူ၊
(သူတစ်ပါးကို ရန်သူလက်ထဲသို့ အပ်နှံတတ်သောသူ ဟုဆိုလိုသည်)။
၈။ သတိပေးခြင်းကို မခံရသောသူ (ဝါ) အလျင်တဆော (မဆင်ခြင်ဘဲ) လုပ်ဆောင်တတ်သောသူ၊
၉။ မာန်မာနနှင့် ယစ်မူးသောသူ၊
(စိတ်ကြီးဝင်သောသူကို ဆိုလိုသည်)။
၁၀။ ဘုရားသခင်ကို နှစ်သက်သည်ထက် ကာမဂုဏ်ခံစားခြင်းကို သာ၍ နှစ်သက်သောသူ၊
၁၁။ ဘုရားဝတ်၌ မွေ့လျော်ယောင်ဆောင်သောသူ၊
(ဘုရားတရားကြည်ညိုခြင်းကို အပေါ်ယံမျှသာပြုသောသူ ဖြစ်သည်)။
၁၂။ မွေ့လျော်ခြင်းတန်ခိုးကို ငြင်းပယ်သောသူ၊
(ဘုရားဝတ်နှင့် ဆိုင်သော တန်ခိုးကို ပယ်ချသောသူ ဖြစ်သည်)။

***ထိုသူတို့ကို ရှောင်လော့. . .***

၁။ ထိုသို့သောသူများစွာ ရှိလာလိမ့်မည်။
၂။ လူအများစုတို့သည် ထိုကဲ့သို့သော အကျင့်စရိုက်များ ပိုင်ဆိုင်လာကြသည်။
၃။ အမည်ခံ ခရစ်ယာန်များသည် ထိုသို့သော သူများဖြစ်ကြသည်။
၄။ ထိုသို့သော သူတို့ကို ရှောင် (ဂရိ-apostrepo) ရမည်။ ဆိုလိုသည်မှာ-
က။ အဝေးသို့ ရှောင်ရမည်။
ခ။ လုံးဝထိတွေ့ ဆက်ဆံခြင်းမပြုဘဲ ရှောင်ရမည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၂၄)

## နောင်ကာလ၏ လက္ခဏာများ (၃)

***ဒုစရိုက်အပြစ်ဝန်ကို ထမ်းရွက်၍၊ အထူးထူးအပြားပြားသော လောဘကိလေသာသွေးဆောင်ရာသို့လိုက်၍၊ အစဉ်သင်သော်လည်း၊ သမ္မာတရားကိုလေ့ကျက်ခြင်းသို့ အလျှင်းမရောက်နိုင်သော မိန်းမမိုက်တို့ကို၊ အိမ်ထဲသို့ဝင်၍ ဖမ်းသွားသောသူတို့သည် ထိုသူတို့အဝင် ဖြစ်ကြ၏။ (၂တိ ၃း၆-၇)***

***မိန်းမမိုက်တို့. . .***

၁။ မိန်းမမိုက် (ဂရိ-gunaikarion) သည်

က။ ငယ်ရွယ်သော မိန်းမဟု အဓိပ္ပာယ်ရှိသည်။

ခ။ မပေါ့သွမ်းသော၊ စိတ်အားပျော့သောမိန်းမငယ် ဟုလည်းဆိုလိုသည်။

ဂ။ လှည့်ဖြားရန် လွယ်ကူသော၊ စိတ်ခိုင်မာမှုမရှိသော မိန်းမများကို ဆိုလိုသည်။

၂။ ဒုစရိုက်အပြစ်ဝန်ကို ထမ်းရွက်ကြသည်။

သူတို့သည် ဒုစရိုက်အပြစ်များ၏ မောင်းနှင်မှုအောက်၌ အသက်ရှင်နေကြရသည်။

၃။ အထူးထူးအပြားပြားသော လောဘကိလေသာသွေးဆောင်ရာသို့ လိုက်သွားကြသည်။

မသန့်ရှင်းသော၊ မလျော်ကန်သော စိတ်ဆန္ဒ၏ ဦးဆောင်ခြင်းကို ခံနေကြရသည်။ စိတ်အလိုကိုသာ လိုက်နေခြင်းသည် လမ်းလွဲနေခြင်းအမှတ်လက္ခဏာ ဖြစ်သည်။

၄။ အစဉ်သင်သော်လည်း၊ သမ္မာတရားလေ့ကျက်ခြင်းသို့ မရောက်နိုင်ကြချေ။ အမြဲတမ်း သင်ယူနေသော်လည်း၊ ဘယ်သောအခါမှ အမှန်တရားကို သေချာစွာမသိ၊ နားမလည်နိုင်ကြချေ။ အမှန်တရားကို အပြည့်အဝ နားလည်နိုင်စွမ်းမရှိကြသောသူများ ဖြစ်ကြသည်။

## *မိုက်မဲသောသူများ*

၁။ မိုက်မဲသောသူတို့သည် -

က။ မိန်းမမိုက်များကို အလစ်ချောင်းနေကြသည်။

ခ။ မိန်းမမိုက်များရှိရာ အိမ်ထဲသို့ ခိုးကြောင်ခိုးဝှက်ဝင်၍ ဦးနှောက်မရှိသော မိန်းမမိုက်များကို သွေးဆောင်ချည်နှောင်ကြသည်။

ဂ။ မိန်းမမိုက်များကို တိတ်တဆိတ်ချဉ်းကပ်ကြသည်။

၂။ ထိုသို့ ပြုမူတတ်သောသူတို့သည် -

က။ မိုက်မဲသောသူများ ဖြစ်ကြသည်။

ခ။ နောင်ကာလ၌ မြင်ရကြမည့် အချို့သော အကျင့်စရိုက်များ ဖြစ်သည်။

၃။ သတိမူလျက် မိမိကိုယ်ကိုလည်းကောင်း၊ မိမိသွန်သင်ချက်ကိုလည်းကောင်း စောင့်ကြည့်ရမည်သာဖြစ်သည။ (၁ တိ ၄း၁၆)

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၂၅)

## နောင်ကာလ၏ လက္ခဏာများ (၄)

*ယန္နေနှင့် ယံဗြေသည် မောရှေကို ဆီးတားသကဲ့သို့၊ ထိုသူတို့သည် သမ္မာတရားကို ဆီးတားကြ၏။ စိတ်နှလုံးယိုယွင်း၍ ယုံကြည် ယောင်ဆောင်သောသူဖြစ်ကြ၏။ ထိုသူနှစ်ယောက်တို့၏မိုက်မဲ ခြင်းသည် လူအပေါင်းတို့ရှေ့မှာ ထင်ရှားသကဲ့သို့၊ ဤသူတို့၏ မိုက်မဲခြင်းသည်လည်း ထင်ရှားလိမ့်မည်။ သို့ဖြစ်၍ သူတို့သည် တိုး၍မလွန်မသွားရကြ။* *(၂တိ ၃း၈-၉)*

### *ယန္နေနှင့် ယံဗြေသည် မောရှေကို ဆီးတားသကဲ့သို့*

၁။ ပေါလုသည် ဤနှစ်ဦးကို တိကျစွာ နာမည်ဖော်၍ ဥပမာပေးသည်။
၂။ တိမောသေကိုယ်တိုင် ဤလူနှစ်ဦးကို သိကျွမ်းမည်မှာ သေချာသည်။
၃။ ဤသူနှစ်ဦးတို့၏ ပုံသက်သေမှာ-
  က။ မောရှေကို ဆီးတားကြသည်။
  ခ။ မိမိတို့၏ ခေါင်းဆောင်အား နာမနာခံဘဲ နေကြသည်။

### *ထိုသူတို့သည်သမ္မာတရားကို ဆီးတားကြ၏*

၁။ 'ထိုသူတို့' သည် အထက်က ဖော်ပြထားသော လူမိုက်တို့ကို ရည်ညွှန်းသည်။ (၂ တိ ၃း၆-၇)
၂။ 'ထိုသူတို့သည်'
  က။ မိန်းမငယ်များ၊ မလိမ်မာသောမိန်းမများကို အလစ်သွေးဆောင်ခေါ်သွား ကြသည်။ (၂ တိ ၃း၆-၇)
  ခ။ မိမိတို့၏ ခေါင်းဆောင်များကို ဆန့်ကျင်၍ မနာခံဘဲ နေတတ်ကြသည်။
  ဂ။ သမ္မာတရားကို မလိုက်နာ၊ မခံယူဘဲ၊ ဆန့်ကျင်၍ နေတတ်ကြသည်။

၃။ ဤသို့ သမ္မာတရားကို ဆန့်ကျင်နေခြင်းအမှုသည် မိမိ၏ခေါင်းပေါ်၌ ဘုရားသခင်တင်ပေးတော်မူသော ခေါင်းဆောင်များကို ဆန့်ကျင်နေခြင်းနှင့် ခိုင်းနှိုင်းထားသည်။

***ထိုသူတို့သည်. . .***

၁။ ထိုသို့ မိမိတို့၏ ခေါင်းဆောင်များကို ဆန့်ကျင်သောသူများ၊ အထူးသဖြင့် သမ္မာတရားကို ဆန့်ကျင်နေသောသူများသည် -

က။ စိတ်နှလုံးယိုယွင်းသောသူများ၊

ခ။ ယုံကြည်ယောင်ဆောင်သောသူများ စသည်တို့ဖြစ်ကြသည်။

၂။ ထိုသူတို့၏ မိုက်မဲခြင်းသည် -

က။ ယန္နေနှင့် ယံဗြေတို့ကဲ့သို့ ဖြစ်သည်။

ခ။ လူအပေါင်းတို့ရှေ့မှာ ထင်ရှားလိမ့်မည်။

***သို့ဖြစ်၍ သူတို့သည် တိုး၍မလွန်မသွားရကြ***

၁။ အများရှေ့၌ ထိုသူတို့၏ မိုက်မဲခြင်းသည် ထင်ရှားလာလိမ့်မည်။

၂။ ထိုအကြောင်းကြောင့် -

က။ ဆက်၍ တိုးတက်ကြမည် မဟုတ်။

ခ။ ထပ်၍ ကြီးထွားကြမည် မဟုတ်ချေ။

၃။ ထိုသူတို့သည် ဆက်လက်၍ တိုးတက်ပြီး ပွားနိုင်တော့မည် မဟုတ်။ ဤသို့ မိုက်မဲသောသူတို့သည်လည်း နောက်ဆုံးသောကာလ၌ ထင်ရှားလျက် နေကြသည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၂၆)

## ရှာဖွေနားလည်ပြီး နောက်လိုက်ခြင်း

*ငါဆုံးမသြဝါဒပေးခြင်း၊ အကျင့်ကျင့်ခြင်း၊ ကြံစည်ခြင်း၊ သစ္စာစောင့်ခြင်း၊ စိတ်ရှည်ခြင်း၊ ချစ်ခြင်း၊ သည်းခံခြင်း တို့ကိုငှင်း၊ အန္တိအုတ်မြို့၊ ဣကောနိမြို့၊ လုတ္တရမြို့တို့၌ ငါခံရသကဲ့သို့၊ အရပ်ရပ်တို့၌ ခံရသောညှဉ်းဆဲခြင်း၊ ဆင်းရဲခြင်းတို့ကိုငှင်း၊ သင်သည်ရှာဖွေနားလည်ရပြီ။ ထိုသို့သော အမှုတို့ကို ငါတွေ့ရသော်လည်း၊ တွေ့သမျှတို့မှ သခင်ဘုရားသည် ငါ့ကိုကယ်နှုတ်တော်မူပြီ။*

*(၂တိ ၃း၁၀-၁၁)*

***သင်သည် ရှာဖွေနားလည်ရပြီ***

၁။ တိမောသေသည် သေချာရှာဖွေ ဆည်းပူးရသော အရာများစွာ ရှိသည်။

က။ ရှာဖွေနားလည် (ဂရိ- para (အနီးအနား) + akoloutheo (နားလည်၊ လိုက်လျှောက်) ဖြစ်သည်။

ခ။ တိမောသေသည် အသေအချာ လေ့လာပြီး ထိုနည်းတူ လိုက်ကျင့်သည်။

၂။ တိမောသေအနေဖြင့် သေချာစွာ နားလည်ပြီး မီအောင်လိုက်ကျင့်ရသော အရာများမှာ တမန်တော်ပေါလု၏ -

က။ ဆုံးမသြဝါဒပေးခြင်း (သွန်သင်ခံယူချက်များ)၊

ခ။ အကျင့်ကျင့်ခြင်း (ပြုမူကျင့်ကြံခြင်း၊ အပြုအမူ)၊

ဂ။ ကြံစည်ခြင်း (ရည်ရွယ်ချက်၊ ဘဝအသက်တာ၏ ရည်မှန်းချက်)၊

ဃ။ သစ္စာစောင့်ခြင်း (ယုံကြည်သည့်အတိုင်း နေထိုင်ခြင်း)၊

င။ စိတ်ရှည်ခြင်း (စိတ်ရှည်သည်းခံခြင်း)၊

စ။ ချစ်ခြင်း (ချစ်ခြင်းမေတ္တာ)၊

ဆ။ သည်းခံခြင်း (မျှော်လင့်ခြင်းအပြည့်နှင့် အခက်ခဲများ ရင်ဆိုင်ခြင်း)၊

၉။ ညှဉ်းဆဲခြင်း (ဂရိ- diogmos -ကိုယ်ထိလက်ရောက် နှိပ်ကွပ်နှောင့်ယှက်ခြင်း)နှင့်

၁၀။ ဆင်းရဲခြင်း (ဂရိ- pathema -စိတ်ရောကိုယ်ပါ ခံစားရသော ဒုက္ခများ) စသည်တို့ဖြစ်သည်။

## *ငါ့ကိုကယ်နှုတ်တော်မူပြီ*

၁။ ပေါလုသည် များစွာသော အခက်ခဲများကို ရင်ဆိုင်ရသည်။

၂။ ပေါလုသည် အထက်ကဖော်ပြထားသော ဆင်းရဲဒုက္ခများနှင့် တွေ့ရသည်။

၃။ သို့သော်လည်း သခင်ဘုရားသည် ပေါလုကို ရင်ဆိုင်ကြုံတွေ့သမျှသော အခက်ခဲများမှ ကယ်နှုတ်တော်မူသည်။

၄။ ကယ်နှုတ် (ဂရိ-rhoumai) သည် ပြင်းထန်စွာစီးဆင်းနေသောရေမှ အသက်ကယ်ခြင်းကို ဆိုလိုသည်။

က။ သခင်ဘုရားသည် ပေါလုအား ပြင်းထန်သော ဒုက္ခပင်လယ်ရေထဲမှ အလျင်အမြန် ကယ်နှုတ်တော်မူသည်။

ခ။ သခင်ခရစ်တော်သည် ပေါလုအား အလွန်ခက်ခဲသော လုံးဝပျက်စီးသွားမည့်အခြေအနေမှ မိမိအဖို့ ကယ်တင်တော်မူသည်။

၅။ တိမောသေသည်လည်း သခင်ဘုရားအမှန်ကယ်တင်မည်ကို ယုံကြည်အောက်မေ့နေရမည်။ သခင်ဘုရားသည် အကျွန်ုပ်တို့အား -

က။ အချိန်မီ ကယ်နှုတ်မည် ဖြစ်သည်။

ခ။ မိမိအဖို့ ကယ်တင်တော်မူမည် ဖြစ်သည်။

၆။ ထို့ကြောင့် အပြစ်၏အခ သေခြင်းမှသော်လည်းကောင်း၊ လက်ရှိဒုက္ခဆင်းရဲခြင်း အမျိုးမျိုးမှသော်လည်းကောင်း၊ သခင်ဘုရား၏ ရွေးနှုတ်ကယ်တင်ခြင်းကို ခံရသောအကျွန်ုပ်တို့သည် သခင်ဘုရားအဖို့သာ အသက်ရှင်ကြရမည်ဖြစ်သည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၂၇)

## ညှဉ်းဆဲခြင်း versus ဆိုးညစ်ခြင်း

*ယေရှုခရစ်၏ တရားတော်နှင့်အညီ၊ ဘုရားဝတ်၌ မွေ့လျော်၍ နေခြင်းငှါ အလိုရှိသောသူအပေါင်းတို့သည် ညှဉ်းဆဲခြင်းကို ခံရကြလိမ့်မည်။- ဆိုးညစ်သောသူ၊ လှည့်ဖြားသောသူတို့မူကား၊ သူတပါးကိုငှင်း၊ ကိုယ်ကိုငှင်း လှည့်ဖြား၍ ဆိုးညစ်ခြင်း၌ တရွေ့ရွေ့တိုးပွါးကြလိမ့်မည်။ (၂ တိ ၃း၁၂-၁၃)*

***ယေရှုခရစ်၏တရားတော်နှင့်အညီ. . .***

၁။ အချို့သောသူတို့သည် မိမိအလိုဆန္ဒနှင့်အညီ အသက်ရှင်ကြသည်။

၂။ အချို့သောသူတို့သည် မိမိဆန္ဒကို ငြင်းပယ်၍ သခင်ခရစ်တော်၏ သွန်သင်ချက်နှင့်အညီ အသက်ရှင်လိုကြသည်။ ထိုသူတို့သည် သခင်ခရစ်တော်၏ တရားတော်အတိုင်း

က။ အသက်ရှင်လိုသောသူများ၊

ခ။ ဘုရားသခင်၏အမှုတော်ကို ဆောင်လိုသောသူများ၊

ဂ။ ဘုရားသခင်ကို ကိုးကွယ်လိုသောသူများ၊ ဖြစ်ကြသည်။

၃။ ထိုသူတို့သည် ညှဉ်းဆဲခြင်း (ဒုက္ခပေးခြင်း) ကို ခံရကြလိမ့်မည်။

က။ မိသားစု၏ ညှဉ်းဆဲခြင်း၊ (မဿဲ ၁၀း၃၄)

ခ။ မယုံကြည်သူများ၏ ညှဉ်းဆဲခြင်း၊

ဂ။ စာတန်မာရ်နတ်၏ ညှဉ်းဆဲနှောင့်ယှက်ခြင်း စသည်တို့ဖြစ်သည်။

***ဆိုးညစ်သောသူ. . . ဆိုးညစ်ခြင်း၌ တရွေ့ရွေ့တိုးပွါးကြလိမ့်မည်***

၁။ ဆိုးညစ်သောသူ (ဂရိ-peneros) သည် -

က။ မကောင်းသောသူ၊

ခ။ ကောက်ကျစ်သောသူ၊

ဂ။ ယုတ်မာသောသူ၊

ဃ။ မမှန်ကန်သောသူ စသည်တို့ဖြစ်သည်။

၂။ လှည့်ဖြားသောသူ (ဂရိ-goes) သည် -

က။ လျှပ်ဖျတ်လိမ်လည်သူ၊

ဂ။ ဟန်ဆောင်၍ လှည့်စားသောသူ၊ စသည်တို့ဖြစ်သည်။

၃။ ထိုသို့သောသူတို့သည် -

က။ မိမိကိုယ်ကို လှည့်ဖြားခြင်း၌လည်းကောင်း၊

ခ။ သူတစ်ပါးကို လှည့်ဖြားခြင်း၌လည်းကောင်း တိုးပွားလိမ့်မည်။

၄။ တရွေ့ရွေ့တိုးပွား (ဂရိ- prokopto) သည် -

က။ တောလမ်းခြုံပုတ်များကို ရှင်း၍ တစ်လှမ်းချင်းတိုးဝင်ခြင်း၊

ခ။ ရိုက်နှက်၍ မောင်းနှင်ခြင်းကြောင့် ရှေ့သို့ဆက်သွားခြင်း၊

ဂ။ အရွယ်အစားအားဖြင့်လည်း ကြီးထွားခြင်း စသည်တို့ကို ဆိုလိုသည်။

၅။ ဆိုလိုသည်မှာ -

က။ မကောင်းသောသူ၊ လှည့်ဖြားသောသူသည် နောက်ဆုံး၌ မကောင်းမှု၊ ဆိုးယုတ်မှု၊ လှည့်ဖြားမှု စသည်တို့ကိုသာ မှီဝဲကြရလိမ့်မည်။

ခ။ ထို့ကြောင့် ထိုသူတို့သည် မကောင်းသော၊ မတရားသော၊ မမှန်ကန်သော အရာတို့၏ သားကောင် ဖြစ်ကြရလိမ့်မည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၂၈)

## နည်းခံသည့်အတိုင်း တည်နေခြင်း

*သင်သည် အဘယ်သူထံ၌ နည်းခံခဲ့ပြီးသည်ကိုငှင်း၊ ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းအလိုငှါ ပညာကိုပေးနိုင်သော ဓမ္မကျမ်းစာကို ငယ်သောအရွယ်မှ၍ လေ့ကျက်သည်ကိုငှင်း သိမှတ်သည်နှင့်၊ အထက်က သင်၏ နှလုံးသွင်းမိသောအယူဝါဒ၌ တည်နေလော့။ (၂ တိ ၃း၁၄-၁၅)*

***သင်သည်. . .***

၁။ လူဆိုးလူမိုက်၊ လူလိမ် လူညာ တို့သည် ဤသို့ပင် မိုက်မဲ၍ မကောင်းမှု၌ တိုးပွားနေကြမည်။

၂။ တိမောသေမူကား ထိုသူတို့ကဲ့သို့ မဖြစ်တန်ရာ။

၃။ 'သင်သည်' ဟု တိမောသေကို အမှန်ရည်ရွယ်၍ ပေါလုမှာကြားလိုက်သည်မှာ-

က။ အဘယ်သူထံ၌ နည်းခံခဲ့သည်ကို အစဉ်သတိရနေရမည်။

ခ။ ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းရကြောင်းအသိပေးလိမ္မာစေသော သမ္မာကျမ်းစာကို ငယ်ရွယ်စဉ်ကတည်းကလေ့ကျက်သည်ကို အစဉ်သတိတရရှိနေရမည်။

ဂ။ ပေါလုကိုယ်တိုင် သွန်သင်ပေးသော အယူဝါဒများ၌ တည်နေရမည်။

***အဘယ်သူထံ၌ နည်းခံခဲ့ပြီးသည်. . .***

၁။ တိမောသေသည် သူ၏အဘွားနှင့် အမိတို့၏ တပည့်ဖြစ်ခဲ့သည်။ (၂တိ ၁)

၂။ သူသည် တမန်တော်ပေါလုထံ၌ နည်းခံခဲ့သည်။ (တမန် ၁၆)

၃။ နည်းခံ (ဂရိ-manthano) သည် -

က။ ဖြစ်လာရန် သင်ယူလေ့ကျက်ခြင်း၊

ခ။ လေ့လာသင်ယူနေရသော (သူ (ဝါ) အကြောင်းအရာ) နှင့် အညီ အသက်ရှင်ရန် ကျင့်ကြံအားထုတ်ခြင်း စသည်တို့ဖြစ်သည်။

၄။ တိမောသေသည် သခင်ခရစ်တော်၏အကြောင်းကို လေ့လာဆည်းပူးနေရသည်နှင့်အညီ၊ ထိုခရစ်တော်၌ တည်၍ အသက်ရှင်ရန် နည်းခံခဲ့ပြီးဖြစ်သည်။

***ဓမ္မကျမ်းစာကို ငယ်သောအရွယ်မှစ၍ လေ့ကျက်သည်. . .***

၁။ 'လေ့ကျက်' (ဂရိ- i-do) သည် -

 က။ သေချာစွာ နားလည်ခြင်း၊

ခ။ အမှန်အကန် သိကျွမ်းခြင်း၊ စသည်တို့ဖြစ်သည်။

၂။ တိမောသေသည် ဓမ္မကျမ်းစာကို မွေးကင်းစကတည်းက

က။ နားလည်ခံယူခဲ့သည်။

ခ။ သေချာသိကျွမ်းခဲ့သည်။

ဂ။ သံသယမရှိ လက်ခံ၍ ကျက်မှတ်ခဲ့သည်။

၃။ ထိုသမ္မာကျမ်းစာသည်လည်း ခရစ်တော်၌ တည်သော ကယ်တင်ခြင်းနှင့် စပ်လျဉ်း၍ ပညာကို (ဂရိ-sophizo)ပေးနိုင်သည်။ တစ်နည်းအားဖြင့်ဆိုသော်၊ သမ္မာကျမ်းစာသည် အကျွန်ုပ်တို့အား ယုံကြည်ခြင်းပညာကို ပေးသည်။

ဆိုလိုသည်မှာ- သမ္မာကျမ်းစာသည် ကယ်တင်ခြင်း နှင့်ပတ် သက်၍ တိမောသေကို -

က။ လိမ္မာစေသည်။

ခ။ ကျွမ်းကျင်စေသည်။

ဃ။ သွန်သင်သည်။

၄။ ထိုသမ္မာကျမ်းစာကို သိမှတ်သည့်အတိုင်း ကျင့်ကြံ၍ အသက်ရှင်နေရမည် ဖြစ်သည်။

### *အထက်က သင်၍နှလုံးသွင်းမိသောအယူဝါဒ၌ တည်နေလော့*

၁။ တိမောသေ သင်ယူမိသော အရာတို့မှာ-

က။ လူတိုင်း၌ အပြစ်ရှိသည်။ အပြစ်၏အဖိုးအခသည် သေခြင်းဖြစ်သည် (ရောမ ၃း၂၃၊ ၆း၂၃)။ သို့သော် ကယ်တင်ခြင်းဆုကျေးဇူးသည် ခရစ်တော်အားဖြင့် ဖြစ်သည်။ (ရောမ ၆း၂၃)

ခ။ သခင်ခရစ်တော်အားဖြင့် ဘုရားသခင်ပေးသနားတော်မူသော ကယ်တင် ခြင်းသည် လူတိုင်းအတွက်ဖြစ်သည်။ သို့သော် ထိုကယ်တင်ခြင်းသည် သခင်ယေရှုခရစ်ကို အမှန်ယုံကြည်ခြင်း အားဖြင့်သာ ရရှိနိုင်သည်။ (ယောဟန် ၃း၁၆၊ ၁း၁၂)

ဂ။ ယုံကြည်ခြင်း၊ လက်တွေ့ကျင့်ကြံခြင်း တို့နှင့် စပ်လျဉ်း၍ သမ္မာကျမ်းစာသာလျှင် အမှန်အကန် သွန်သင်နိုင်သည်။ လူတစ်ဦး၏ အသက်တာ၌ သခင်ဘုရား မရှိလျှင်မဖြစ်သည်ကိုလည်း သမ္မာကျမ်းစာသာလျှင် ထိရောက်စွာ ပညာပေးနိုင်သည်။

၂။ တိမောသေ သည် ဤမှန်သောတရားတို့၌ မပြောင်းမလဲ တည်နေရမည်။

၃။ သို့မှသာ တိမောသေသည် ခရစ်တော်၏ ကျေးဇူးတော်၌ ခိုင်ခံ့နိုင်မည် ဖြစ်သည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၂၉)

## သမ္မာကျမ်းစာအားဖြင့် ပြုပြင်ခြင်း

*ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့် ဖြစ်၍၊ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှါ ပြင်ဆင်သောသူဖြစ်မည်အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏ (၂ တိ ၃း၁၆-၁၇)။*

***ထိုကျမ်းစာရှိသမျှသည်. . .***

၁။ ‘ထိုကျမ်းစာရှိသမျှ’

က။ မူလရည်ညွှန်းချက်အရ ဓမ္မဟောင်း ဖြစ်သည်။

ခ။ ဝိညာဉ်တော်၏ ထပ်မံဖွင့်ပြချက်အရ ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းနှစ်ခုစလုံးကို ရည်ညွှန်းသည်ဟု မှတ်ရမည်။

၂။ အကြောင်းရင်းမှာ-

က။ သခင်ယေရှု၏ သွန်သင်ချက်များ၊ လုပ်ဆောင်ချက်များနှင့် ပုံသက်သေများသည် ဓမ္မသစ်ကျမ်း၏ အချုပ်အခြာ ဖြစ်သည်။ (မဿဲ ၅-၇)

ခ။ တမန်တော်များ၏ သွန်သင်ချက်များနှင့် အသက်တာပုံသက်သေများသည်လည်း ခရစ်ယာန်ယုံကြည်ချက်၏ အုတ်မြစ်များ ဖြစ်ကြသည်။ (၂ ပေ ၃း၂)

ဂ။ တမန်တော်ပေါလု၏ ပေးစာများသည်လည်း ဓမ္မကျမ်းစာ၏ အစိတ်အပိုင်း ဖြစ်သည်။ (၂ ပေ ၃း၁၄-၁၆)

၃။ ထို့ကြောင့် သမ္မာကျမ်းစာသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့် ဖြစ်တည်သည်။

က။ ဘုရားသခင်သည် သမ္မာကျမ်းစာကို အသက်သွင်းသည်။ (ကမ္ဘာ ၃း၇)

ခ။ သမ္မာကျမ်းစာသည်လည်း အသက်ရှင်သောအရာ ဖြစ်လာသည်။ (ဟေဗြဲ ၄း၁၂)

ဂ။ ဘုရားသခင်၏နှုတ်ထွက်စကားများသည် ဝိညာဉ်နှင့်အသက်ဖြစ်ကြသည်။ (ယောဟန် ၆း၆၃)

၄။ သို့ဖြစ်သောကြောင့် သမ္မာကျမ်းစာကိုလည်း သန့်ရှင်းသောဝိညာဉ်တော် မစခြင်းအားဖြင့်သာ အမှန်နားလည်နိုင်သည်။ အသက်တာနှင့် အမှုတော်မြတ်၌ ထိရောက်စွာ လက်တွေ့ဖော်ဆောင်နိုင်သည်။ (ယောဟန် ၁၄း၂၆၊ ၁၆း၁၃)

## *ထို့ကြောင့် သမ္မာကျမ်းစာသည်*

၁။ အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ပြုစုတတ်သည်။

က။ ဩဝါဒပေးခြင်း
ဆုံးမသွန်သင်ခြင်း ဖြစ်သည်။

ခ။ အပြစ်ဖော်ပြခြင်း
အမှား၊ အပြစ်များကို ဖော်ပြခြင်း ဖြစ်သည်။

ဂ။ ဖြောင့်မတ်စွာ ပြုပြင်ခြင်း
ဖြောင့်မတ်ခြင်းနှင့်စပ်လျဉ်းပြီး ပြုပြင်ခြင်း ဖြစ်သည်။

ဃ။ တရားကိုသွန်သင်ခြင်း စသည်တို့ဖြစ်သည်။

၂။ သမ္မာကျမ်းစာကို အမှန်ခံယူသောသူတို့သည် အထက်ပါအကျိုးကျေးဇူးများ ရရှိကြမည်ဖြစ်သည်။

## *ဘုရားသခင်၏လူသည် . . .*

၁။ 'ဘုရားသခင်၏လူ' သည် -

က။ လေးစားဂုဏ်ပြုသောအားဖြင့် ခေါ်ဝေါ်သမုတ်ခြင်း ဖြစ်သည်။

ခ။ တိမောသေသည် အလွန်ပင် လေးစားအပ်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်လာသည်။

- သားအဖြစ်မှ လုပ်ဖော်ဆောင်ဖက်ညီအစ်ကို၊
- လုပ်ဖော်ဆောင်ဖက်အဖြစ်မှ ဘုရားသခင်၏လူ။

၂။ ဘုရားသခင်၏လူ တိမောသေသည် သမ္မာကျမ်းစာအားဖြင့် -

က။ စုံလင်သောသူ၊

ခ။ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှါ ပြင်ဆင်သောသူ၊ ဖြစ်လာသည်။

၃။ 'စုံလင်သောသူ' (ဂရိ-artios) သည်

က။ အဆင်သင့်ဖြစ်သောသူ၊

ခ။ အံဝင်ခွင်ကျဖြစ်သောသူ ဟုလည်း နားလည်ရမည်။

၄။ 'ပြင်ဆင်သောသူ' (ဂရိ- exartizo) သည် -

က။ ပြန်လည်ပြုပြင်ဖာထေးပြီးသောသူ၊

ခ။ အချောသပ်ပြင်ဆင်ထားသောသူ၊

ဂ။ အသေအချာ သွန်သင်ထားသောသူ ဟုလည်း ပြန်ဆိုရမည်။

၅။ တိမောသေသည် ကောင်းသောအမှုအမျိုးမျိုးအတွက် အသင့်ဖြစ်သောသူ၊ အသေအချာ ပြုပြင်ထားသောသူ ဖြစ်သည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၃၀)

## တရားဟောရန် သစ္စာပေးခြင်း

*ကိုယ်တော်တိုင်ပေါ်ထွန်း၍ နိုင်ငံတော်ထင်ရှားသောကာလ၊ အသက်ရှင်သောသူ၊ သေသောသူတို့ကို စစ်ကြောစီရင်တော်မူသော သခင်ယေရှုခရစ်ရှေ့မှာ၎င်း၊ ဘုရားသခင်ရှေ့မှာ၎င်း၊ ငါသည်သင့်ကို သစ္စာပေးသည်ကား၊- နှုတ်ကပတ်တရားတော်ကို ဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ အပြစ်ကိုဖော်ပြလော့။ ဆုံးမခြင်းကို ပြုလော့။ အလွန်ရှည်သောစိတ်နှင့် ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့။ (၂ တိ ၄း၁-၂)*

***ကိုယ်တော်တိုင်ပေါ်ထွန်း၍ နိုင်ငံတော်ထင်ရှားသောကာလ. . .***

၁။ ပေါလုသည် တိမောသေကို သစ္စာပေးသည်။

၂။ 'သစ္စာပေး' ဆိုသည်မှာ -

က။ အခိုင်အမာ သက်သေထွက်ဆိုသည်။

ခ။ လေးနက်စွာ ခိုင်းစေသည်။

၃။ တမန်တော်ပေါလုသည် တိမောသေကို လေးနက်စွာ ခိုင်းစေရာ၌

က။ သခင်ယေရှုခရစ်တော်၏ ရှေ့မှောက်ကိုလည်းကောင်း၊

ခ။ ဘုရားသခင်၏ ရှေ့မှောက်ကိုလည်းကောင်း တိုင်တည်သည်။

ဤသို့ သစ္စာပေးခြင်းသည် အလွန်ပင် လေးနက်စွာ ခံယူစေလိုသောကြောင့် ဖြစ်သည်။

၄။ သခင်ယေရှုကိုယ်တော်တိုင်က -

 က။ လောကသို့ ပြန်ကြွလာမည် ဖြစ်သည်။

ခ။ ထိုသို့ ပြန်ကြွလာသောအခါ၊ ကိုယ်တော်သည် တရားစီရင်ခြင်းအမှုကို ဆောင်ရွက်မည်ဖြစ်သည်။

- အသက်ရှင်လျက်ရှိသောသူများ၊
- သေလွန်သောသူများ တို့ကို တရားစီရင်လိမ့်မည်။

၅။ တိမောသေသည် ထာဝရအသက်ရှင်တော်မူသော ဘုရားသခင်နှင့် တစ်ချိန်ချိန်၌ လူတိုင်းကို တရားစီရင်မည့် သခင်ယေရှုခရစ်တော်တို့၏ရှေ့၌ သစ္စာဆိုနေရသည်။ ဘုရားသခင်နှင့် သခင်ယေရှုသည် ပေါလုမှ တိမောသေအား ပေးသော သစ္စာနှင့် စပ်လျဉ်းသော သက်သေများဖြစ်ကြသည်။

### *နှုတ်ကပတ်တရားတော်ကို ဟောပြောလော့. . .*

၁။ ပေါလုမှ တိမောသေအား အခိုင်အမာ စေခိုင်းသောအမှုမှာ နှုတ်ကပတ်တရားကို ဟောပြောခြင်းဖြစ်သည်။

၂။ နှုတ်ကပတ်တရားကို အချိန်ရှိသည်ဖြစ်၊ မရှိသည်ဖြစ်စေ ဟောပြောရမည်။ ဆိုလိုသည်မှာ နှုတ်ကပတ်တရားကို -

က။ အခွင့်အခါကောင်းသောအချိန် (ဂရိ-eukairos)သာမက

ခ။ အခွင့်အခါ မကောင်းသောအချိန် (ဂရိ-akairos) တို့၌လည်း ဟောပါ။

ဂ။ မည်သည့်အချိန်အခါ မဆို ဟောနိုင်အောင် အသင့်နေပါ။

၃။ ထို့အပြင် တိမောသေသည် -

က။ အပြစ်ဖော်ပြခြင်း၊ (အရေးယူခြင်း၊ ပြစ်တင်ရှုတ်ချခြင်း၊ အပြစ်ရှိနေကြောင်း ထင်ရှားဖေါ်ထုတ်ခြင်း)

ခ။ ဆုံးမဩဝါဒပေးခြင်း၊ (သတိပေးခြင်း၊ တားမြစ်ခြင်း၊ ခွင့်ပြုခြင်း)

ဂ။ တိုက်တွန်းသွေးဆောင်ခြင်း၊

(မ စခြင်း၊ တိုက်တွန်းခြင်း) စသည်တို့ကိုလည်း ဆောင်ရွက်ရမည်။

၄။ ထို 'အပြစ်ဖော်ပြခြင်း၊ ဆုံးမဩဝါဒပေးခြင်းနှင့် တိုက်တွန်းသွေးဆောင်ခြင်း' တို့ကို အလွန်ရှည်သော (စုံလင်သော)စိတ်နှင့် ယုံကြည်ခံယူချက်များကို အခြေပြု၍ လုပ်ဆောင်ရမည်။

၅။ ရှင်းလင်းချက်- အခန်းငယ် (၂)၌တွေ့ရသော -

က။ ဩဝါဒမျိုး (ဂရိ-didache) သည် သွန်သင်ချက်၊ ခံယူချက် (doctrine) ကိုဆိုလိုသည်။

ခ။ အပြစ်ဖော်ပြခြင်း၊ ဆုံးမသွန်သင်ခြင်းနှင့် တိုက်တွန်းမစခြင်းတို့ကိုခံယူချက်၊ ယုံကြည်ချက် (doctrine) ပေါ်အခြေခံ၍လုပ်ဆောင်ရမည် ဖြစ်သည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၃၁)

## စင်ကြယ်သောဩဝါဒ

***အကြောင်းမူကား၊ နောင်ကာလ၌ လူတို့သည် စင်ကြယ်သော ဩဝါဒကို နားမခံနိုင်ဘဲ၊ ယားတတ်သောနားရှိလျှင်၊ မိမိတပ်မက်ခြင်းအတိုင်း များပြားသောဆရာတို့နောက်သို့ လိုက်ကြလိမ့်မည်။ သမ္မာတရားကို နားမထောင်ဘဲ၊ ဒဏ္ဍာရီစကားကိုနားထောင်၍ လွဲသွားကြလိမ့်မည်။ (၂ တိ ၄း၃-၄)***

***အကြောင်းမူကား. . .***

၁။ အခွင့်အခါ ကောင်းသည်ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ နှုတ်ကပတ်တရားကို ဟောရန်ဖြစ်သည်။ (၂ တိ ၄း၁-၂)

၂။ အကြောင်းရင်းမှာ-

က။ နောင်ကာလ (နောက်ဆုံးသောကာလ) ရောက်လာသောအခါ မိစ္ဆာဆရာများ ပေါ်ထွက်လာလိမ့်မည်။

ခ။ နောင်ကာလ၌ များစွာသောလူတို့သည်လည်း ထိုမိစ္ဆာဆရာများ၏ နောက်သို့ လိုက်သွားကြလိမ့်မည်။

***နောင်ကာလ၌ လူတို့သည်. . .***

၁။ စင်ကြယ်သော (ဂရိ-hugiaino= ကျန်းမာသော၊ မပျက်စီးသော) ဩဝါဒကို

က။ နားခံကြမည် မဟုတ်။

ခ။ သည်းခံ (ဂရိ- anecho= စိတ်ရှည်သည်းခံ) ကြမည်မဟုတ်။

၂။ ယားတတ်သောနားရှိပြီး၊ မိမိတို့လိုချင်သည့်အတိုင်း ဟောပြောသော ဆရာသမားများနောက်သို့ လိုက်သွားကြလိမ့်မည်။

၃။ သမ္မာတရားကို နားထောင်ကြမည် မဟုတ်။ ဒဏ္ဍာရီစကားကို နားထောင် ကြလိမ့်မည်။

၄။ ထိုသို့ဖြင့် (မှန်သောတရားတော်လမ်းမှ) လွဲသွားကြလိမ့်မည်။

## ***စိန်ခေါ်ချက်***

၁။ 'သတိမမူ ဂူမမြင်' ဆိုသည့်အလား တရားစကားများကို သတိနှင့် ဆင်ခြင်ကြပါစို့။ (တမန် ၁၇း၁၁)

၂။ မိမိတို့၏ စိတ်အလိုသို့မလိုက်ဘဲ သမ္မာတရားကို နားထောင်ကြပါစို့။

၃။ စင်ကြယ်သောသြဝါဒကို စိတ်ရှည်သည်းခံ၍ လိုက်လျှောက်ကြပါစို့။

၄။ နှုတ်ကပတ်တရားကိုစစ်မှန်စွာ ဟောပြောသောဆရာသမားများထံ၌ နည်းခံကြပါစို့။ နားယား၍ လမ်းမလွဲစေပါနှင့်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၃၂)

## ခန့်အပ်ထားသောအမှုကို အကုန်အစင်ဆောင်ရွက်ခြင်း

***သင်မူကား၊ အရာရာ၌ သမ္မာသတိရှိစေလော့။ ဆင်းရဲဒုက္ခကို သည်းခံလော့။ သာသနာပြုဆရာ ဆောင်ရွက်ရသောအမှုကို ဆောင်ရွက်လော့။ ဓမ္မဆရာအရာ၌ ခန့်ထား၍ ပြုရသောဝတ်များကို အကုန်အစင်ပြုလော့။ အကြောင်းမူကား၊ ငါ့ကိုယဇ်ပေါ်မှာ လောင်းရသောအချိန်ရှိပြီ။ စုတေ့ရသောအချိန် ရောက်လေပြီ။***
***(၂ တိ ၄း၅-၆)***

***သင်မူကား. . .***

၁။ တိမောသေသည် မိစ္ဆာဆရာများကဲ့သို့ မနေရ။ နားယား၍ မိမိနှစ်သက်ရာကို ယောင်ပြီး နားထောင်သောသူများကဲ့သို့လည်း မဖြစ်ရ။

၂။ တိမောသေမူကား -

 က။ အရာရာ၌ သမ္မာသတိရှိရမည်။

ခ။ မကောင်းသောအမှုကို ကြံ့ကြံ့ခံ ခုခံ (ဂရိ-kakopatheo) ရမည်။

ဂ။ ဧဝံဂေလိဆရာ၏ အမှုကို ဆောင်ရွက်ရမည်။

ဃ။ သူ့အား အပ်နှံထားသော အမှုတော်ကို ပြည့်ဝစွာ အကောင်အထည်ဖော် (ဂရိ-plerophoreo) ရမည်။

***အကြောင်းမူကား. . .***

၁။ ပေါလု၏ နောက်ဆုံးသောအချိန် ရောက်နေပြီး ဖြစ်သည်။

က။ ‘ယဇ်ပေါ်၌ လောင်းရသောအချိန်’ နောက်ဆုံးသောအချိန်ကို ဆိုလိုသည်။

ခ။ ပေါလုသည် မိမိကိုယ်ကို ဘုရားသခင်အတွက် ပူဇော်ဆက်သသော ယဇ်သဖွယ် မှတ်ယူသည်။ (ဖိလိ ၂း၁၇)

၈။ ပေါလုသည် လက်ရှိအချိန်၌ ဘုရားသခင်အဖို့ ပသခြင်းခံရနေ
သောသူ ဖြစ်သည်။

၂။ ပေါလုသည် အမှန် သေဆုံးရမည့် အချိန်အခါရောက်နေသည်။

က။ လောကမှ ထွက်ခွာမည့် အချိန်အခါကို ဆိုလိုသည်။

ခ။ ထို ထွက်ခွာရမည့်အချိန်သည် ဘုရားသခင်သတ်မှတ်ပေးသော
အခွင့်အခါကောင်း (ဂရိ- kairos) ဖြစ်သည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၃၃)

## ဓမ္မသရဖူ ရထိုက်သူ

*ကောင်းစွာသောတိုက်လှန်ခြင်းကို ငါပြုပြီ၊ ပြေးရသောလမ်းကို အဆုံးတိုင်အောင်ပြေးပြီ၊ ယုံကြည်ခြင်းတရားကို စောင့်ရှောက်ပြီ။ ယခုမှစ၍ ဓမ္မသရဖူသည် ငါ့အဘို့သိုထားလျက်ရှိ၏။ ထိုနေ့ရက်၌ တရားသဖြင့် စီရင်သောသူတည်းဟူသော သခင်ဘုရားသည် ထိုသရဖူကို ငါ၌အပ်ပေးတော်မူမည်။ ထိုမျှမက၊ ပေါ်ထွန်းတော်မူခြင်းကို တောင့်တသောသူအပေါင်းတို့၌လည်း အပ်ပေးတော်မူမည်။* *(၂တိ ၄း၇-၈)*

***ကောင်းစွာသောတိုက်လှန်ခြင်း. . .***

၁။ 'ကောင်းစွာသောတိုက်လှန်ခြင်း' သည်
 က။ ယုံကြည်ခြင်း၊
 ခ။ လက်ခံယုံကြည်သည့်အတိုင်း အသက်ရှင်ခြင်း၊
 ဂ။ ဝန်ခံယုံကြည်သည့်အတိုင်း သစ္စာရှိခြင်း စသည်တို့ကို ဆိုလိုသည်။

၂။ ယုံကြည်ခြင်းသည် ကောင်းသောတိုက်ပွဲဖြစ်သည်။
 က။ အဆုံးထိ တိုက်လှန်ခြင်းပြုရမည်။
 ခ။ ဖွဲလုံ့ဝီရိယအပြည့်နှင့် တိုက်လှန်နေရမည်။

၃။ ပေါလုသည် စတင်ယုံကြည်သည့်အချိန်မှသည် သက်ဆုံးထိတိုင် ဆက်လက်ယုံကြည်သွားမည်ဖြစ်သည်။

**ပြေးရသောလမ်းကို အဆုံးတိုင်အောင်ပြေးပြီ**

၁။ 'ပြေးရသောလမ်း' သည် -
 က။ ယုံကြည်၍ လျှောက်လှမ်းရသော ဘဝခရီး၊
 ခ။ ယုံကြည်ခြင်းတရားလမ်း စသည်တို့ကို ရည်ညွှန်းသည်။

၂။ တစ်နည်းအားဖြင့်ဆိုသော်၊ ပေါလုသည် ယုံကြည်ခြင်းကို အပြေးပြိုင်ပွဲ တစ်ခုအဖြစ် စိတ်ကူးပုံဖော်ထားသည်။

၃။ ပေါလုသည် ထိုအပြေးပြိုင်ရသောလမ်းကို အဆုံးထိတိုင်အောင် ပြေးပြီး ဖြစ်သည်။

က။ အားပေးသောသူ သက်သေများစွာ ရှိကြသည်။

ခ။ ဒုစရိုက်အပြစ်များနှင့်ဝန်ထုပ်များကို စွန့်ပယ်၍ အဆုံးထိပြေးကြရမည်။ (ဟေဗြဲ ၁၂း၁-၂)

## *ယုံကြည်ခြင်းတရားကို စောင့်ရှောက်ပြီ*

၁။ ယုံကြည်ခြင်းသည် အမှန်တကယ်ပင် စောင့်ရှောက်ရမည့် တရားဖြစ်သည်။

၂။ ယုံကြည်ခြင်းတရားသည် -

က။ ယုံကြည်ခြင်းလမ်းစဉ်၊

ခ။ ယုံကြည်ခြင်းလမ်းကြောင်း စသည်ဖြင့် နားလည်ရမည်။

၃။ ပေါလုသည် ထိုယုံကြည်ခြင်းတရားကို ဆုံးခန်းတိုင်အောင် စောင့်ရှောက်ပြီး ဖြစ်သည်။

က။ အစကတည်းက စောင့်ရှောက်ခဲ့သည်။

ခ။ အခုချိန်မှာလည်း စောင့်ရှောက်နေဆဲဖြစ်သည်။

ဂ။ နောက်နောင်မှာလည်း ဆက်လက် စောင့်ရှောက်ဦးမည် ဖြစ်သည်။

## *ယခုမှစ၍ ဓမ္မသရဖူသည်. . .*

၁။ 'ဓမ္မသရဖူ' သည် ဂရိစကားလုံးအရ 'ဖြောင့်မတ်ခြင်းသရဖူ' ဟုနားလည်ရမည်။

က။ အဆုံးထိ ယုံကြည်သောသူသည်၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းအဖြစ်ဘုရားသခင်မှတ်တော်မူမည် ဖြစ်သည်။

ခ။ ဖြောင့်မတ်ခြင်းသို့ ရောက်နိုင်သည့် တစ်ခုတည်းသော လမ်းစဉ်မှာ သစ္စာရှိစွာ အဆုံးထိ ယုံကြည်နေခြင်းပင် ဖြစ်သည်။

၂။ ဘုရားသခင်သည် ထိုသို့သော ယုံကြည်ခြင်းကို အသိအမှတ်ပြုမည် ဖြစ်သည်။ ဆိုလိုသည်မှာ ပေါလု၏ ယုံကြည်ခြင်းကို ဘုရားသခင်သည် ဓမ္မသရဖူ ဖြင့် အသိအမှတ်ပြုမည် ဖြစ်သည်။

၃။ ယင်း သရဖူသည် ပေါလုအတွက် လက်ရှိအချိန်၌ -
က။ သခင်ဘုရားက သီးသန့်ဖယ်ထားသည်။
ခ။ သခင်ဘုရားက ခွဲဝေ၍ သိုထားသည်။
၄။ သခင်ဘုရားသည် -
က။ တရားသဖြင့် (ဖြောင့်မတ်စွာ) စီရင်သောသူ ဖြစ်သည်။
ခ။ ထိုသရဖူကို ပေါလုအား (အချိန်အခါ ရောက်သောအခါ) ပြန်၍ အပ်ပေးတော်မူမည်ဖြစ်သည်။

***ထိုမျှမက၊ ပေါ်ထွန်းတော်မူခြင်းကို တောင့်တသောသူ အပေါင်းတို့၌. . .***

၁။ ပေါလုကိုသာ ဖြောင့်မတ်ခြင်းသရဖူကို ပြန်အပ်ပေးမည် မဟုတ်။
၂။ ယုံကြည်ခြင်းကြောင့် သခင်ခရစ်တော် ပြန်ကြွလာမည်ကို မျှော်လင့်စောင့်ကြိုနေသောသူအပေါင်းတို့ကိုလည်း ထိုဓမ္မသရဖူကို ပြန်၍အပ်ပေးတော်မူမည် ဖြစ်သည်။
 က။ 'ပေါ်ထွန်းတော်မူခြင်း' သည် သခင်ခရစ်တော်ပြန်ကြွလာခြင်းကို ရည်ညွှန်းသည်။
ခ။ 'တောင့်တသောသူအပေါင်း' တို့သည် ခရစ်တော်ကို ယုံကြည်၍ တောင့်တသောသူတို့ကို ဆိုလိုသည်။
ဂ။ 'အပ်ပေး' ခြင်းအမှုသည် (ဂရိ-apodidomi)
- ပြန်လည်၍ အပ်နှံခြင်း၊
- မူလပိုင်ရှင်အား ပြန်ပေးခြင်း စသည်ဖြင့်လည်း နားလည်နိုင်ပေသည်။

၃။ ဆိုလိုသည်မှာ- အမှန်ယုံကြည်၍ အဆုံးထိတိုင် သစ္စာရှိသောသူတို့အတွက် သခင်ဘုရားသည် ဖြောင့်မတ်ခြင်းသရဖူ (ဓမ္မသရဖူ)ကို သီးသန့်ခွဲဝေ၍ သိုထားလျက်ရှိသည်။ သခင်ခရစ်တော်ပြန်ကြွလာသောအခါ ယုံကြည်ခြင်းကို သက်ဆုံးတိုင်အောင် တိုက်လှန်သောသူအပေါင်းတို့သည် မိမိအတွက် လျာထားသောသရဖူကို အသီးသီးရကြမည်ဖြစ်သည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၃၄)

## အမှုတော်နှင့် လုပ်ဖော်ဆောင်ဖက် (၁)

*ငါ့ထံသို့ မြန်မြန်လာခြင်းငှါ ကြိုးစားလော့။ အကြောင်းမူကား၊ ဒေမသည် ယခုဘဝကို နှစ်သက်သောစိတ်ရှိသည်နှင့် ငါ့ကိုစွန့်ပစ်၍၊ သက်သာလောနိတ်မြို့သို့သို့သွားပြီး၊ ကရက္ကေသည် ဂလာတိပြည်သို့၎င်း၊ တိတုသည် ဒါလမာတိပြည်သို့၎င်း သွားပြီ။*

*(၂တိ ၄း၉-၁၀)*

***ပေါလု၏ ရောမအကျဉ်းထောင်ဘဝ. . .***

၁။ ရှင်ပေါလုသည် ရောမမြို့၌ ထောင်ကျနေခဲ့သည်။

က။ ခုနှစ်အားဖြင့် ၆၆-၆၇၊

ခ။ Emperor Nero ခေတ်၊

၂။ ရောမအကျဉ်းထောင်၌ -

က။ ပေါလုသည် သာမန်အကျဉ်းသားများကဲ့သို့ သံကြိုးများဖြင့် ချည်နှောင်ခြင်းကို ခံရသည်။ (၂ တိ ၁း၁၆၊ ၂း၉)

ခ။ မိတ်ဆွေသူငယ်ချင်းများသည် ပေါလုကို ခက်ခဲစွာ ရှာကြရသည်။ (၂ တိ ၁း၁၇)

ဂ။ မိမိ၏နောက်ဆုံးသောအချိန် ရောက်နေပြီဟု ပေါလု ထင်မှတ်ခဲ့သည်။ (၂တိ ၄း၆-၈)

၃။ ပေါလု၏ မိတ်ဆွေများ၊ လုပ်ဖော်ဆောင်ဖက်များသည် သူ့ကို စွန့်ပစ်ခဲ့ကြသည်။

က။ ဖုဂေလုနှင့် ဟေရမောဂင် တို့သည် ပေါလုကို စွန့်ပစ်ခဲ့ကြသည်။ (၂တိ ၁း၁၅)

ခ။ အာရှပြည်၌ နေသော ယုံကြည်သူအပေါင်းတို့သည် ပေါလုကို ပစ်ပယ်၍ ထားခဲ့ကြသည်။ (၂တိ ၁း၁၅)

ဂ။ ဒေမသည်လည်း ပေါလုကို စွန့်ပစ်၍ ဤလောက၏နောက်သို့ လိုက်သွားသည်။ (၂တိ ၄း၉)

## အမှုတော်မြတ်၏ ရှင်သန်ခြင်း

၁။ အမှုတော်မြတ်သည် ဆက်လက်ရှင်သန်နေသည်။

၂။ အမှုတော်ဆောင်များသည် အမှုတော်ကို အာရုံစိုက်ပြီးဆက်လက် ဆောင်ရွက်ကြရမည်။

၃။ ထို့ကြောင့် -

က။ ကရက္ကေသည် ဂလာတိပြည်သို့လည်းကောင်း၊

ခ။ တိတုသည် ဒါလမာတိပြည်သို့လည်းကောင်း သွားပြီး အစေခံနေကြရသည်။

## ငါ့ထံသို့ မြန်မြန်လာခြင်းငှါ. . .

၁။ ပေါလုအတွက် တိမောသေသည် -

က။ လုပ်ဖော်ဆောင်ဖက်၊ (ရောမ ၁၆း၂၁)

ခ။ အဖနှင့်အတူအမှုဆောင်ရွက်သောသား၊ (ဖိလိ ၂း၂၂၊ ၁ ကော ၄း၁၇)

ဂ။ စိတ်သဘောချင်း တူသောသူ၊ (ဖိလိ ၂း၂၀)

ဃ။ အလွန်သတိရ ချစ်မြတ်နိုးသောသူ။ (၂တိ ၁း၄)၊ ဖြစ်သည်

၂။ ပေါလုသည် တိမောသေကို သူ့ထံ အလျင်အမြန် လာစေချင်သည်။ (၂တိ ၄း၉၊ ၄း၂၁)

၃။ တိမောသေသည်လည်း ကြိုးစားအားထုတ်ပြီး ပေါလုထံ အလျင်အမြန် သွားရန် ဖြစ်သည်။ ရည်ရွယ်ချက်များမှာ-

 က။ ပေါလု၏ လိုအပ်သည်များကို ယူသွားပေးရန်၊ (၂တိ ၄း၁၃)

ခ။ သားနှင့်အဖ အဖြစ် အဖော်ပြုပေးရန်၊

ဂ။ ပေါလု၏ အစေကို ခံဖို့ရန်၊

ဃ။ အမှုတော်၌ တစေ့တစောင်းအားဖြင့် ပါဝင်ကူညီရန် စသည်တို့ဖြစ်နိုင်သည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၃၅)

## အမှုတော်နှင့် လုပ်ဖော်ဆောင်ဖက် (၂)

*လုကာတယောက်တည်းသာ ငါ့ထံမှာရှိ၏။ မာကုကိုသင်နှင့်အတူ ခေါ်လာခဲ့လော့။ သူသည် ဆရာအမှုကို ပြုရာမှာ ငါ့အကျိုးရှိ၏။ တုခိတ်ကိုလည်း ဖေက်မြို့သို့ ငါစေလွှတ်ပြီ။*

*(၂တိ ၄း၁၁-၁၂)*

### *လုကာ*

၁။ လုကာသည် -

ကျ။ ပေါလု၏ လုပ်ဖော်ဆောင်ဖက် တစ်ဦး ဖြစ်သည်။ (ကော ၄း၁၁၊ ၁၄)

ခ။ တပါးအမျိုးသားဖြစ်သည်။

ဂ။ ဆေးဆရာတစ်ဦး ဖြစ်သည်။

ဃ။ ရှင်လုကာခရစ်ဝင်နှင့် တမန်တော်ဝတ္ထုကို ရေးသားပြုစုသောသူ ဖြစ်သည်။ (လုကာ ၁)

င။ တိတု၏ ညီအစ်ကို ဖြစ်သည်။ (၂ ကော ၈၊ ၁၂)

၂။ လုကာသည် ပေါလုကို ရောမအကျဉ်းထောင်၌ ပြုစုနေခဲ့သည်။

၃။ မိမိတတ်ကျွမ်းသော ဆေးပညာကို အသုံးပြုပြီး အစေခံသောသူ ဖြစ်သည်။

### *မာကု*

၁။ မာကုသည် -

က။ မေရီ၏သား ယောဟန်မာကု ဖြစ်သည်။ (တမန် ၁၂း၁၂)

ခ။ ရှင်မာကုခရစ်ဝင်ကျမ်းကို ရေးသားပြုစုသောသူဖြစ်သည်။

ဂ။ ဗာနဗ၏ တူဖြစ်သည်။ (ကော ၄း၁၀)

ဃ။ ဗာနဗနှင့်ပေါလုတို့၏ သာသနာခရီး၌ ပါဝင်ခဲ့သည်။ (တမန် ၁၂း၂၅၊ ၁၃း၅)

င။ သို့သော် ပထမ သာသနာခရီး၌ ဗာနဗနှင့်ပေါလု တို့ကို စွန့်ခွာခဲ့သည်။ (တမန် ၁၅း၃၈)

စ။ ဗာနဗသည် မာကုကို နောက်တစ်ကြိမ် သာသနာခရီးစဉ်၌ ပါဝင်စေချင်သော်လည်း၊ ပေါလုသည် မာကုကို အလိုမရှိ။ သူ့ကြောင့် ပေါလုနှင့် ဗာနဗတို့ လမ်းခွဲခဲ့ကြရသည်။ (တမန် ၁၅း၃၆၊ ၃၉)

ဆ။ နှစ်ပေါင်းများစွာ ကြာပြီးနောက် ပေါလု၏ လုပ်ဖော်ဆောင်ဖက် ဖြစ်လာသည်။ (ဖိလိ ၁း၂၄)

၂။ ပေါလုသည် သူ၏ နောက်ဆုံးသောအချိန် (ယခုရောမထောင်၌ ရှိနေချိန်) ၌ မာကုကို အလွန်လိုအပ်နေသည်။

၃။ မာကုသည် ပေါလုအတွက် အမှုတော်မြတ်၌ အထောက်အကူ ဖြစ်သည်။

က။ ‘ဆရာအမှု’ သည် လက်တွေ့လုပ်ဆောင်ရသောလုပ်ငန်း၊

ခ။ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရသော အမှုတော် (ဂရိ-diakonia) ဖြစ်သည်။

၄။ မာကုသည် ပေါလုနှင့်အတူ၊ ပေါလုအတွက်၊ ပေါလုကို ထောက်ပံ့လျက်၊ နှိမ့်ချစွာ အမှုတော်၌ ပါဝင်သောသူ ဖြစ်သည်။

## *တုခိတ်ကိုလည်း ဧဖက်မြို့သို့ ငါစေလွှတ်ပြီ*

၁။ တုခိတ်သည်

က။ ပေါလု၏ အဖော်ဖြစ်သည်။ (တမန် ၂၀း၄၊ ရော ၁၅း၂၅-၂၆)

ခ။ ပေါလု၏ ချစ်သောညီအစ်ကို ဖြစ်သည်။ (ဧဖက် ၆း၂၁)

ဂ။ သခင်ဘုရား၏ သစ္စာရှိသောကျွန် ဖြစ်သည်။ (ကော ၄း၇)

၂။ တုခိတ်ကို ဧဖက်မြို့သို့ စေလွှတ်ရခြင်းမှာ-

က။ အမှုတော်လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ရန်၊

ခ။ တိမောသေ၏ နေရာကို ခေတ္တခဏ အစားထိုးရန်၊

ဂ။ သို့မှသာ တိမောသေသည် ပေါလုထံသို့ အလည်လာနိုင်မည် ဖြစ်သည်။

၃။ တစ်နည်းအားဖြင့်ဆိုသော် တုခိတ်သည် ယာယီသင်းအုပ်အဖြစ် ဧဖက်အသင်းတော်၌ အမှုတော်ထမ်းဆောင်မည် ဖြစ်သည်။ (ယှဉ်ကြည့်ရန် တိတု ၃း၁၂)

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၃၆)

## ပေါလု နှင့် သူ၏ ပစ္စည်းများ

*တရောမြို့တွင် ကာပုလက်၌ ငါထားခဲ့သော ဝတ်လုံကိုငှင်း၊ စာစောင်ကိုငှင်း၊ အထူးသဖြင့် သားရေစာကိုငှင်း၊ သင်သည်လာသောအခါ ယူခဲ့လော့။- ပန်းတိမ်သမား အာလေဇန္ဒြုသည် ငါ၌ မကောင်းသောအမှုအများကို ပြုလေပြီ။ ထိုသူ ကျင့်သောအကျင့်တို့၏ အကျိုးအပြစ်ကို သခင်ဘုရား ဆပ်ပေးတော်မူပါစေသော။ သူ့ကို သတိပြုလော့၊ ငါတို့စကားကို အလွန်ငြင်းလေပြီ။*

*(၂တိ ၄း၁၃-၁၅)*

***တရောမြို့တွင်. . .***

၁။ သာသနာခရီးသွားရာ၌ ပေါလုဖြတ်သန်းခဲ့သော မြို့ဖြစ်သည်။ (တမန် ၂၀)

ကျ။ တရားလည်း ဟောခဲ့သည်။

ခ။ ရှုပါရုံလည်း မြင်ခဲ့သည်။ (တမန် ၁၆)

၂။ ပေါလုသည် မာကေဒေါနိပြည်မှ ခေါ်သံကို ဤတရောမြို့၌ ရရှိခဲ့သည်။ (တမန် ၁၆)

၃။ ဤမြို့၌ ပေါလု ယုံကြည်စိတ်ချရသောသူ ရှိသည်။ သူသည် ကာပုလက်ဖြစ်သည်။ ကာပုလက်ထံ၌ အပ်နှံထားခဲ့သော အရာများမှာ-

က။ ဝတ်လုံ၊

ခ။ စာစောင်၊

ဂ။ သားရေစာ။

၄။ ပေါလုသည် အထက်ဖော်ပြထားသောအရာများကို လိုအပ်နေသည်။ တိမောသေသည် ပေါလုထံသို့ လာသောအခါ ထိုအရာများကို ယူဆောင်လာရန်ဖြစ်သည်။

### ***ပန်းထိမ်သမား အာလေဇန္ဒြုသည်. . .***

၁။ ပန်းထိမ်သမား ဖြစ်သည်။
၂။ ပန်းထိမ်လုပ်ငန်းသည် သူ၏အသက်မွေးဝမ်းကြောင်း ပညာရပ်ဖြစ်သည်။
၃။ သူသည် ပေါလုအပေါ်၌ -
　က။ မကောင်းသောအမှု ပြုခဲ့သည်။
　ခ။ ရိုင်းစိုင်းကောက်ကျစ်ခဲ့သည်။
　ဂ။ အထူးသဖြင့် ပေါလု၏စကားကို အလွန်ငြင်း၍ ဆန့်ကျင်ခဲ့သည်။
၄။ သူသည် မိမိပြုသော အပြစ်၏အဖိုးအခကို ပေးဆပ်ရလိမ့်မည်။
　က။ သခင်ဘုရားကိုယ်တိုင် ကိုင်တွယ်လိမ့်မည်။
　ခ။ သခင်ဘုရားသည် တရားစီရင်လိမ့်မည်။
　ဂ။ ထိုသို့ အမှန်ဖြစ်လာမည်ဟု ပေါလုအခိုင်အမာ ယုံကြည်သည်။

### ***တိမောသေသည်***

၁။ ကာပုနှင့် သွားတွေ့ရမည်။
၂။ သို့သော် အာလေဇန္ဒြုကို သတိထားနေရမည်။ သူသည်
　က။ ပေါလုကို ငြင်းပယ်သောသူ၊
　ခ။ ပေါလု၏ တရားစကားကို ဆန့်ကျင်သောသူ၊
　ဂ။ ပေါလုအပေါ် မကောင်းမှု ပြုခဲ့သောသူ ဖြစ်သည်။
၃။ ပေါလု မှာထားသည့်အတိုင်း -
　က။ ဝတ်လုံ၊
　ခ။ စာစောင်၊
　ဂ။ သားရေစာ စသည်တို့ကို အမှန် (ပေါလုထံသွားသောအခါ) ယူသွားရမည်။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၃၇)

## သခင်ဘုရားကိုယ်တိုင် ရပ်တည်ပေးခြင်း

*ပဌမအချိန်၌ အပြစ်တင်ခွင်းကိုဖြေ၍ ငါသည် အစီရင်ခံရသော အခါ၊ ငါ့ဘက်၌ အဘယ်သူမျှမနေ။ လူအပေါင်းတို့သည် ငါ့ကိုစွန့် ပစ်ကြ၏။- သူတို့၌ အပြစ်တင်တော်မမူပါစေနှင့်။ လူအပေါင်းတို့ သည် စွန့်ပစ်ကြသော်လည်း၊ ဒေသနာတော်ကို အကုန်အစင်ဟော ပြော၍၊ ခပ်သိမ်းသောလူမျိုးတို့သည် ကြားသိစေခြင်းငှါ၊ သခင် ဘုရားသည် ငါ့ဘက်၌နေ၍ ငါ့ကိုခွန်အားနှင့် ပြည့်စုံစေတော် မူသောကြောင့်၊ ခြင်္သေ့ခံတွင်းမှ ကယ်နုတ်ခြင်းချမ်းသာကို ငါရ၏။ (၂တိ ၄း၁၆-၁၇)*

### *ငါ့ဘက်၌ အဘယ်သူမျှမနေ. . .*

၁။ ပေါလုသည် ရောမမြို့ရှိ တရားရုံးတော်၌ အစီရင်ခံခွင့်ရခဲ့သည်။

က။ စွပ်စွဲထားသည့်အတိုင်း အပြစ်တင်ခွင့်မရှိကြောင်း အစီရင်ခံမည်ဖြစ် သည်။

ခ။ ဤသို့ အပြစ်တင်ခွင့် မရှိကြောင်း ဖြေရှင်းရခြင်းသည် ပထမဆုံး အကြိမ် ဖြစ်သည်။

၂။ ထိုအချိန်၌ ပေါလု၏လုပ်ဖော်ဆောင်ဖက်များသည် သူ့ကိုစွန့်ပစ်ထား ကြသည်။

က။ အဘယ်သူမျှ သူ့ဘက်မှ သက်သေအဖြစ် မရပ်တည်ကြ။

ခ။ အဘယ်သူမျှ သူ့ဘက်၌ ရပ်တည်ပေးခြင်း မရှိကြ။

၃။ မိတ်ဆွေသူငယ်ချင်းအပေါင်းတို့သည် ပေါလုကို ထားခဲ့ကြသည်။ (၂တိ ၁း၁၅)

က။ လူအပေါင်းတို့သည် ပေါလုကို စွန့်ပစ်ကြသည်။

ခ။ ပေါလုဘက်၌ အဘယ်သူမျှ မနေကြ။

၄။ 'သူတို့၌ အပြစ်တင်တော်မမူပါစေနှင့်' သည် အလွန်လေးနက်သော ခံယူချက်ဖြစ်သည်။

က။ ပေါလုသည် ဤသူတို့ကို အထက်က ပန်းထိမ်သမား အာလေဇန္ဒြုကဲ့သို့ မမှတ်မယူ။ (၂တိ ၄း၁၄)

ခ။ ပန်းထိမ်သမားသည် တမင်ကောက်ကျစ်၊ ယုတ်မာသောကြောင့် ပေါလုစကားကို ငြင်းပယ်ခဲ့သည်။ ပေါလုအပေါ် မှာလည်း မကောင်းမှုလုပ်ခဲ့သည်။

ဂ။ ဤသူတို့သည်ကား 'ယုံကြည်ခြင်းအားနည်းသောကြောင့်' ပေါလုကို စွန့်ခွာသွားကြခြင်းဖြစ်သည်။

***သခင်ဘုရားသည် ငါ့ဘက်၌နေ၍. . .***

၁။ လူအပေါင်းတို့သည် ပေါလုကို စွန့်ပစ်ကြသည်။

၂။ သို့သော် သခင်ဘုရားသည် ပေါလုဘက်၌ နေသည်။

(ယှဉ်ကြည့်ရန်၊ ရောမ ၈း၃၁)

၃။ သခင်ဘုရား ပေါလုဘက်၌ ရပ်တည်နေခြင်းသည် အောက်ပါအချက်များ၌ ထင်ရှားလျက်ရှိသည်။ ၄င်းတို့မှာ-

က။ ဒေသနာကို အကုန်အစင်ဟောပြောရသောအခွင့်၊

ခ။ ဒေသနာကို လူမျိုးတကာထံ ဟောပြောနိုင်သော အစွမ်းအစ(ခွန်အား)၊

ဂ။ မိမိမတတ်နိုင်သောအမှုတွင်းမှ ကယ်နှုတ်ခြင်းချမ်းသာရရှိခြင်း၊ စသည်တို့ဖြစ်သည်။

၄။ 'ခြင်္သေ့ခံတွင်းမှ' သည် စာတန်မာရ်နတ်၏ ကျော့ကွင်းကို ရည်ညွှန်းသည်။

က။ စာတန်မာရ်နတ်သည် ခြင်္သေ့ကဲ့နှင့် ခိုင်းနှိုင်းထားသည်။ (၁ပေ ၅း၈)

ခ။ စာတန်သည် လူတို့ကို အသုံးချပြီး ပေါလုကို ဒုက္ခပေးမည် ဖြစ်သည်။

- ရောမဧကရာဇ်မင်း နီရိုး (Roman Emperor Nero)၊
- ဂရိနယ် အုပ်ချုပ်သူ ဟီလီးယား(စ်) (Helius, appointed governor in Greece)၊

ဤသူတို့သည် ပထမ တရားရုံးတော်၌ ပေါလုအပြစ်စီရင်ခြင်း ခံနေရချိန်၌ အုပ်ချုပ်နေသော တာဝန်ရှိသူများ ဖြစ်ကြသည်။ ဤသူတို့၏ လက်မှ လွတ်မြောက်သည်ကို 'ခြင်္သေ့ခံတွင်းမှ' ဟုခိုင်းနှိုင်းခြင်း ဖြစ်နိုင်သည်။

***အတွင်းခွန်အား. . .***

၁။ 'ခွန်အားနှင့် ပြည့်စုံစေတော်မူ' (ဂရိ- en+dunamoo) သည်

က။ တတ်စွမ်းစေခြင်း၊

ခ။ ခွန်အားနှင့်ပြည့်စုံစေခြင်း စသည်တို့ဖြစ်သည်။

၂။ ဘုရားသခင်ပေးသနားတော်မူသော -

က။ စိတ်ဝိညာဉ်နှင့်ဆိုင်သော ခွန်အား၊

ခ။ တစ်နည်းအားဖြင့်၊ 'အတွင်းအား' ဖြစ်သည်။

၃။ ဤသို့သော အတွင်းအားကြောင့် ပေါလုသည်

က။ လူအပေါင်းတို့က သူ့ကို စွန့်ပစ်ကြသော်လည်း၊

ခ။ မိတ်ဆွေ၊ လုပ်ဖော်ဆောင်ဖက်များအား သူ့ကို စွန့်ခွာကြသော်လည်း၊ ဒေသနာတော်ကို ဆက်လက် ဟောပြောခဲ့သည်။

၄။ ထို့ကြောင့် ဘုရားသခင်၏ အမှုတော်မြတ်ကို ဘုရားသခင်ပေးသနားတော်မူသော အတွင်းခွန်အားဖြင့် ဆောင်ရွက်ကြပါစို့။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၃၈)

## သခင်အား ချီးမွမ်းခြင်း

*ထိုမျှမက၊ သခင်ဘုရားသည် မကောင်းသောအမှုရှိသမျှတို့မှ ငါ့ကိုကယ်နှုတ်၍၊ မိမိကောင်းကင်နိုင်ငံတော်သို့တိုင်အောင် မစပို့ဆောင်တော်မူလိမ့်မည်။ ထိုသခင်သည် ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင်။*

*(၂တိ ၄း၁၈)*

### *ဘုရားသခင်ကို ချီးမွမ်းခြင်း*

၁။ ပေါလုသည် သခင်ဘုရားကို မချီးမွမ်းဘဲ မနေနိုင်။

က။ အကျဉ်းထောင်၌ နေရသော်လည်း၊

ခ။ မိတ်ဆွေသူငယ်ချင်းများက စွန့်ပစ်ကြသော်လည်း၊

၂။ သခင်ဘုရားကို ပေါလု ချီးမွမ်းရခြင်းအကြောင်းများစွာ ရှိသည်။ တချို့သော အကြောင်းရင်းများမှာ-

က။ ခြင်္သေ့ခံတွင်းမှ ကယ်နှုတ်ခြင်းချမ်းသာကို ပေးခဲ့သည်။ (၂တိ ၄း၁၇)

ခ။ မကောင်းသောအမှုရှိသမျှတို့မှလည်း ကယ်နှုတ်ခဲ့သည်။

ဂ။ ကောင်းကင်နိုင်ငံတော်သို့တိုင်အောင် မစလိမ့်မည်။

### *ထိုသခင်သည်. . .*

၁။ သခင်ဘုရားသည် -

က။ မိမိအစေခံကျွန်များကို စောင့်ရှောက်သောသူ ဖြစ်သည်။

ခ။ မိမိအစေခံကျွန်ဘက်၌ ရပ်တည်ပေးသောသူ ဖြစ်သည်။

ဂ။ မကောင်းမှုအမျိုးမျိုးမှ ကယ်နှုတ်သောသူ ဖြစ်သည်။

၂။ သခင်ဘုရားသည်

က။ ကောင်းကင်နိုင်ငံတော်ကြီးကို ပိုင်သအုပ်စိုးသောသူ ဖြစ်သည်။

ခ။ မိမိလူတို့ကို ထိုနိုင်ငံတော်သို့ မစတော်မူလိမ့်မည်။

၃။ တစ်နည်းအားဖြင့်ဆိုသော်၊ ထိုသခင်သည် လွန်စွာပင် သစ္စာရှိသောသူ ဖြစ်သည်။

၄။ ထိုသခင်သည် ထာဝရဘုန်းကြီးတော်မူစေကြောင်း -

က။ ကြွေးကြော်ကြပါစို့။

ခ။ ဆုတောင်း၍ ဝန်ခံကြပါစို့။

# ယေရှုခရစ်၏ ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့ (၃၉)

## နောက်ဆုံး စကား

*ပြစ်ကိလနှင့် အာကုလမှစ၍ ဩနေသိဖော်၏ အိမ်သူအိမ်သားများကို နှုတ်ဆက်လော့။ ဧရတ္တုသည် ကောရိန္တုမြို့၌ နေ၏။ တရောဖိမ်သည် နာ၍ မိလက်မြို့၌ ငါထားခဲ့၏။ ဆောင်းကာလ မရောက်မှီ ကြိုးစား၍ လာခဲ့လော့။ ဥဗုလု၊ ပုဒေ၊ လိနု၊ ကိလောဒိ မှစ၍ ညီအစ်ကို အပေါင်းတို့သည် သင့်ကို နှုတ်ဆက်ကြ၏။ သခင်ယေရှုခရစ်သည် သင်၏ စိတ်ဝိညာဉ်နှင့်အတူ ရှိတော်မူပါစေသော။ သင်၌ ကျေးဇူးတော် ရှိစေသတည်း။ အာမင်။*
*(၂တိ ၄း၁၉-၂၂)*

### *မိတ်ဆွေများနှင့်စပ်လျဉ်း၍ အသိပေးခြင်း. . .*

၁။ ပေါလုသည် မိတ်ဆွေကောင်းများကို တန်ဖိုးထားမြတ်နိုးသောသူ ဖြစ်သည်။
၂။ ပေါလုသည် တိမောသေအား -
  က။ မိတ်ဆွေဟောင်းများနှင့် ဆက်လက်ရင်းနှီးစေချင်သည်။
  ခ။ မိတ်ဆွေဟောင်းများ၏ လက်ရှိအခြေအနေကို သိစေချင်သည်။
၃။ ထို့ကြောင့် ပေါလုသည် အချိန်ကုန်၊ အပင်ပန်းခံကာ တစ်ဦးချင်း၏ နာမည်ကို ဖော်၍ တာဝန်ရအသိပေးရခြင်းဖြစ်သည်။
  က။ ပြစ်ကိလနှင့် အာကုလမှစ၍ ဩနေသိဖော်၏ အိမ်သူအိမ်သားများ၊
  ခ။ ဧရတ္တု၊
  ဂ။ တရောဖိမ်၊
  ဃ။ ဥဗုလု၊ ပုဒေ၊ လိနု၊ ကိလောဒိ မှစ၍ ညီအစ်ကို အပေါင်းတို့၊

***တိမောသေ ကိုယ်တိုင်ကိုကား. . .***

၁။ ဆောင်းရာသီ မရောက်မီ ပေါလုထံ(ရောမအကျဉ်းထောင်သို့) သွားရမည်။
  က။ အကျဉ်းထောင်သည် လုံးဝ ကြမ်းတမ်းမည်ဖြစ်သည်။
  ခ။ ရာသီဥတုမှာလည်း လုံးဝ ကြမ်းတမ်းမည် ဖြစ်သည်။
  ဂ။ ဆောင်းရာသီ၏ အအေးဒဏ်ကို ပေါလု ခံနိုင်မည် မဟုတ်တော့ချေ။
၂။ တိမောသေသည် ပေါလုထံ ဆောင်းရာသီ မရောက်မီ မဖြစ်မနေ သွားရမည်။
  က။ ဧဖက်အသင်းတော်ကို စောင့်ရှောက်ရန် တုခိတ်ကိုလည်း စေလွှတ်ရန် စီစဉ်ထားပြီးဖြစ်သည်။ (၂တိ ၄း၁၂)
  ခ။ ဧဖက်အသင်းတော်ကို နောက်ဆံမတင်းဘဲ တုခိတ်လက်ထဲ အပ်နှံနိုင်မည်ဖြစ်သည်။
၃။ ထို့ကြောင့် ပေါလုသည် အောက်ပါအတိုင်း ဆုတောင်းသည်။
  က။ သခင်ယေရှုခရစ်သည် တိမောသေနှင့်အတူ ရှိစေကြောင်း၊
  ခ။ ကျေးဇူးတော်သည်လည်း တိမောသေနှင့်အတူ တည်စေကြောင်း၊
  ပေါလုသည် အလွန်ပင် လေးနက်စွာ ဆုတောင်းသည်။ သခင်ဘုရား ကိုယ်တိုင် အတူရှိနေခြင်းထက် သာ၍ တောင်းတသင့်ပါသောအရာ မရှိပါ။ ကျွန်ုပ်တို့သည်လည်း ဤသို့ လေးနက်စွာ ဆုတောင်းကြပါစို့။